ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (25-7-2008) (၅၇၅၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်   ဇူလိုင်   ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်တို့ တက်ရောက်ကြပြီး ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror

ကိုစံ(စက်မှု)၏ "မြန်မာ့ရေလုပ်ငန်း ပြန်လည်ထူထောင်မှု" (ဆောင်းပါး)
စာမျက်နှာ- ၈၊၉

"နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် လမ်းညွှန်မှုကို ခံယူကာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးမှာ မုန်တိုင်းအပြီး နှစ်လအကျော်တွင် သိသိသာသာ ပြန်လည်ဦးမော့လာနေပြီဖြစ်သည်။"

အတည်ပြုဖောင် ၁၁၂၀

ကြေးမုံ
The Mirror
၂၅-၇-၂၀၀၈
(သောကြာနေ့)

စီးပွားရေးတွက်ခြေကိုက်သည့် ရော်ဘာတိုးချဲ့စိုက်ပျိုး

ရော်ဘာသည် စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်သည်။ ယခုအခါ စက်မှုကုန်ကြမ်းရော်ဘာနှင့်ဓာတုပစ္စည်းများ ပေါင်းစပ်ပြီး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှု တိုးတက်များပြားလာသည့်အလျောက် နိုင်ငံတကာဈေးကွက်တွင် ရော်ဘာရောင်းဝယ်မှုများတွင်ကျယ်ပျံ့နှံ့လာနေသည်။

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်သဖြင့် သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသည်။ ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းများကို မွန်ပြည်နယ်၌ နှစ်ပေါင်းများစွာကပင် လုပ်ကိုင်လာခဲ့ကြသည်။ ဒေသ၏ ရေမြေသဘာဝအခြေအနေပေးမှုနှင့် မိုးကောင်းစွာရရှိမှုတို့ကြောင့် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံး စိုက်ပျိုးထုတ်လုပ်နေသော ဒေသလည်းဖြစ်သည်။

မွန်ပြည်နယ်အပြင် တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေမြေရာသီဥတုရှိသဖြင့် ဒေသအလိုက် စီးပွားဖြစ် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းနေကြသည်။

ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ရော်ဘာဧက ကိုးသိန်းကျော် စိုက်ပျိုးခဲ့ပြီး တန်ချိန်ရှစ်သောင်းကျော်ထွက်ရှိသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ရော်ဘာဧက နှစ်သိန်းကျော်တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အာရှဒေသတွင် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယတို့သည် ရော်ဘာအများဆုံး အသုံးပြုသော နိုင်ငံများ ဖြစ်သည်။ ရာသီဥတုဆိုးရွားမှုကြောင့် အရှေ့တောင်အာရှရှိ ရော်ဘာစိုက်ခင်းများ ထိခိုက်ခဲ့ရာ ရော်ဘာလိုအပ်ချက်နှင့်အတူ ဈေးနှုန်းပါ မြင့်တက်လျက်ရှိသည်။

မြန်မာ့ရော်ဘာများကို အိမ်နီးချင်းနိုင်ငံများက ဈေးကောင်းပေးဝယ်ယူလျက်ရှိရာ ဈေးကွက်ခိုင်မာမှုရှိနေသည်။ တောင်သူများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက စက်မှုကုန်ကြမ်းရော်ဘာကို စီးပွားဖြစ်တိုးချဲ့ စိုက်ပျိုးကြခြင်းဖြင့် နိုင်ငံတော်နှင့် စိုက်ပျိုးသူများပါ ဝင်ငွေလည်းတိုး အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း၌ လေးထပ်ဝိပဿနာ ဓမ္မာရုံ တည်ဆောက်ရန်အတွက် ရန်ကုန်မြို့ လသာမြို့နယ် လသာလမ်းနေ ဒေါ်ခင်စွမ် မိသားစုက နှစ်ဖက်မိဘများအား ရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို(မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)အောင်စကြာဆရာတော်ဘဒ္ဒန္တစန္ဒသူရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အောင်စေတီဆရာတော်ကြီး သိက္ခာထပ်မင်္ဂလာနှင့် ဝိဇာတ မင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

သာကေတမြို့နယ် ၁၀/တောင် (၁၂)ရပ်ကွက် တံခွန်တိုင်တောရကျောင်းတိုက် ဦးစီးပဓာန နာယက ဓမ္မာစရိယ အောင်စေတီဆရာတော်ကြီး၏ (၂၉၄)ကြိမ်မြောက် ဗုဒ္ဓါဘိသေကမင်္ဂလာ၊ သိက္ခာတော် ကံထပ်မင်္ဂလာနှင့် သက်တော်(၇၉)နှစ်ပြည့် မွေးနေ့မင်္ဂလာပွဲကို (၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်) ဇူလိုင်၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ တံခွန်တိုင်တောရကျောင်းတိုက်၌ ဘုရားအမှူးရှိသော၊ သံဃာတော်အပါး ၉၀ တို့အား ဝတ္ထု၊ သင်္ကန်း၊ ဆွမ်း၊ ဘောဇဉ်အာဟာရများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်း လှူဒါန်းပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အားပေး

ရန်ကုန် ဇူလိုင် ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယလှသောင်း ဘောလုံးကွင်းရှိ ပြန်လည်ထူထောင်ရေး ဗဟိုကွပ်ကဲရေးစခန်း၌ ကျင်းပသော လေဘေးသင့်ပြည်သူများအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် လုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ အခြေစိုက် SBM OFFSHORE ကုမ္ပဏီမှ လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဆူးကလပ်ကျေးရွာအုပ်စုရှိ ဝေနေယျသုခကျောင်းတိုက်၌ ဆူးကလပ်ကျေးရွာ အုပ်စုအတွင်းရှိ ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ယင်းနောက် ဝန်ကြီးသည် အဆိုပါကျောင်း၌ ကျင်းပသော ဆူးကလပ်ကျေးရွာအုပ်စု အနီးပတ်ဝန်းကျင်မှ ကျေးရွာပေါင်း ခြောက်ရွာရှိ လေဘေးသင့် အိမ်ထောင်စု ၄၇၇ စုတို့အား အလှူရှင်များ လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အဝတ်အထည်၊ အစားအသောက်များ၊ ဆေးမျိုးစုံနှင့် အိမ်သုံးပစ္စည်းများ၊ အေးရှားဝေါလ်ကုမ္ပဏီမှ လှူဒါန်းသည့် ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်း လှူဒါန်းပွဲသို့ တက်ရောက်အားပေးပြီး လေဘေးသင့် ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကာ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ မြို့နယ်စည်ပင်သာယာရေး ရုံး ရှင်းလင်းဆောင်၌ အမှုဆောင်အရာရှိ ဦးသန့်စင်ဦးက မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြည်သူများ သန့်ရှင်းသော ရေကောင်းရေသန့်ရရှိရေး အထူးဂရုစိုက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြို့နယ်အတွင်း ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေပိုက်လိုင်းများ ပုံမှန်စစ်ဆေးရန်နှင့် ရပ်ကွက်အလိုက် စနစ်တကျ အချိန်မှန် ဖြန့်ဖြူးပေးရန်တို့ကိုမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ်ဆူးကလပ်ကျေးရွာရှိ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (စွမ်းအင်)

နှစ်ဖက်မိဘများ အမှူးထား၍ ရန်ကုန်မြို့ ပြည်ထောင်စုလမ်း ဗဟန်းနေ ဦးထင်အောင်ကျော်-ဒေါက်တာပပဝါ၊ သား မောင်အောင်ကောင်းဆက်၊ မောင်အောင်မျိုးထက်၊ သမီး မမြမဟာထင် မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် အလှူရှင် မသီတာစိုးသွင် အထက (၁) လမ်းမတော်ကျောင်းဝင်းက အလှူငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ရွှေနားကပ်တစ်ရံနှင့် ကျောက်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပေးအပ်လှူဒါန်း

တာချီလိတ်မြို့ တာလောရပ် သဇင်လမ်းနေ ကိုဝင်းဇော်ထွန်း(ခ) သားကြီး-မခင်ခင်ဝင်း(ခ) မွေးမွေးတို့က မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် အလှူငွေကျပ် ရှစ်သိန်းကို ရန်ကုန်မြို့ မျက်မမြင်ကျောင်း ကျောင်းအုပ်ကြီးထံ ဇူလိုင် ၁၉ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



၂၀၀၈ ခုနှစ် မန္တလေးတိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၈ခုနှစ် မန္တလေးတိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်နှင့် စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင်၁၅ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်အမှာစကားပြောကြားသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ၂၀၀၈ ခုနှစ် မန္တလေးတိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပညာပေး နံရံကပ်ပိုစတာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏သဝဏ်လွှာအား မန္တလေးတိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းက ဖတ်ကြားသည်။ ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်သီတာက အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မမြယုမွန်အောင်၊ ဒုတိယဆုရရှိသော ချမ်းမြသာစည်မြို့နယ်အမှတ်(၁၇) အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မမေသဇင်မြင့်၊ တတိယဆုရရှိသော ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မမိုးသဇင်ထွန်းတို့အား ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာအဆင့်ကျပန်းစကားပြောပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်း ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် လှိုင်မြို့နယ်၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေးအားပေးသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်သည် နံနက် ၇ နာရီတွင် လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းမကြီးရှိမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ တာဝန်ရှိသူများက လှိုင်မြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များတွင် သွေးလွန်တုပ်ကွေးရောဂါလအလိုက်၊နှစ်အလိုက်၊ အသက်အရွယ်အပိုင်းအခြားအလိုက် ဖြစ်ပွားမှုနှင့် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာဒုတိယမြို့တော်ဝန်ကလိုအပ်သည်များကိုမှာကြားသည်။ ထို့နောက် ဒုတိယမြို့တော်ဝန်သည် လှိုင်မြို့နယ်(၇)ရပ်ကွက် သံလမ်းနှင့် မယ်ဇီကုန်းလမ်းတို့၌သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ပညာပေးသရုပ်ပြခြင်းနှင့် အသိပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးဆောင်ရွက်ခြင်းများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် သဃ်န်းကျွန်း၊ လှိုင်သာယာ၊ ပုဇွန်တောင်နှင့် မရမ်းကုန်းမြို့နယ်တို့၌ တစ်ပြိုင်တည်း ကျင်းပကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးဖိုးသန့်၊ ဒေါ်အေးတင်၊ ဒေါ်သိန်းမြ၊ ဒေါ်ငွေရှင်တို့အားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ပြဟ္မစိုရ်လမ်းနေ ဦးအောင်သိန်း၊ ဒေါ်ကျင်သန်း မိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မြောက်ဘက်ရင်ပြင် အာရုံခံတန်ဆောင်း တည်ဆောက်ရန် ဒုတိယအကြိမ် လှူဒါန်းငွေ ကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးကိုရည်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၄

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ နိုင်ငံတော် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံကြရသည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တစန္ဒဇောတိ(မဂိုးရိမ်ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်)ဥဘာတောဝိဘင်္ဂရေဘွဲ့တော်ရ မမ္မဝိဟာရကျောင်းတိုက် (မဲဇာလီကျေးရွာ)မှ အရှင်ဓမ္မနန္ဒာတို့အား ချီးကျူးပူဇော်ပွဲကို ဩဂုတ်၃ရက် နံနက်၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ၃လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍အသင်းသူ၊အသင်းသားများအား ဖိတ်ကြားထားကြောင်း သိရသည်။ ဘုန်းကြီးကျောင်း ၂၃ ကျောင်းသို့လည်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည်ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) (အတွင်းရေးမှူး) ဖုန်း-၂၉၂၅၀၀၊ ဦးမောင်မောင်မြင့်(ဘဏ္ဍာရေးမှူး)ဖုန်း-၅၄၇၄၅၅၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဒေါ်ဥ (အမှုဆောင်) ဖုန်း-၀၉-၈၀ ၃၃၉၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် World Vision (Myanmar)မှ တာဝန်ခံဒေါက်တာကြည်မင်းနှင့်အဖွဲ့က အမေရိကန်ဒေါ်လာ ၈၉၀၀၀ တန်ဖိုးရှိ ရေသန့်စက်ပစ္စည်းများနှင့် ကလိုရင်းဆေးပြားများကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကျန်းမာရေး)

ကွယ်လွန်သူ ဦးဝဏ္ဏ တစ်နှစ်ပြည့်အားရည်စူး၍ သမိုင်းဌာန ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် သန်လျင်မြို့နေ ဒေါ်နီနီယဉ် (တွဲဖက်ပါမောက္ခ)နှင့် သားမောင်တေဇာဝင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင်ငွေကျပ်၁၀၀၀၀၀လှူဒါန်းရာ ဆေးရုံ ဒု-အုပ်ချုပ်ရေးမှူး ဦးလှရှိန်လက်ခံယူစဉ်။ (က-ပ)

✪ **ရှေ့ဖုံးမှ**

ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr. John Holmes နှင့်အတူ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr.Bishow Parajuli၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Danial B.Baker၊ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (OCHA)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနအကြီးအကဲ Mr. Thierry Delbreuve နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ စာပေဆုများ ပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၂၄

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လှူအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ ဆုများနှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၀၈ခုနှစ်အတွက် ၂၀၀၉ ခုနှစ်ဦးတွင် ချီးမြှင့်မည့် (၁၆)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲသို့ စာမူများ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်နှိုးဆော်လျက်ရှိသည်။

ပခုက္ကူဦးအုံးဖေ စာမူဆုပြိုင်ပွဲတွင် ကဗျာပေါင်းချုပ်၊ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ပြိုင်ပွဲဝင်စာမူဘာသာရပ် ငါးမျိုးတွင် နှစ်စဉ်နှစ်တိုင်းကဲ့သို့ ပထမ၊ ဒုတိယ၊ တတိယဆုများ ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများ နောက်ဆုံးတင်သွင်းရက်ကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၃၀ရက်ထိ သတ်မှတ်ထားပြီး ပြိုင်ပွဲဝင်စာမူပုံစံများကို စာပေဗိမာန်အဖွဲ့ စာတည်းဌာန၌ ငွေကျပ် ၁၀၀ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် ငွေကျပ် ၂၀၀ကို ငွေသားဖြင့် ပေးပို့မှာယူနိုင်ကြောင်း သိရသည်။ စာမူများကို ပခုက္ကူဦးအုံးဖေ စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး စာတည်းမှူးချုပ် ၅၂၉၊ ကုန်သည်လမ်း၊ စာပေဗိမာန်သို့ စာမူတင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် နေပြည်တော်၌ ကျင်းပရာ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်၍ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ မဟော်ဂနီ၊ ပျဉ်းမ၊ တမာ၊ မန်ကျည်းနှင့် ရေတမာ (သဘော်တယ်) အစရှိသည့် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် သီးပင်စားပင် ၅၅၀ တို့ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများစုပေါင်း၍ သစ်ပင် စိုက်ပျိုးကြစဉ်။

(သတင်းစဉ်)

အမည်အစွဲပြု ပြည်သူ့စာကြည့်တိုက်များ ကျယ်ပြန့်တိုးပွားလာ

နေပြည်တော် ဇူလိုင် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဒေသအာဏာပိုင် အဆင့်ဆင့်၏ အားပေးကူညီမှု၊ စေတနာရှင် အလှူရှင်များ၏ ပါဝင်ဖြည့်ဆည်းမှု၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ ကူညီမှုနှင့် ဆရာတော်၊ သံဃာတော်များ၏ ကြည့်ရှုထောက်ပံ့မှုတို့ဖြင့် ကျေးရွာတိုင်း၊ ရပ်ကွက်တိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ စာဖတ်အသင်းများ ပေါ်ပေါက်လာအောင် စည်းရုံးခဲ့ပြီး ယခုအခါ ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၅၅ ဖွင့်လှစ်နိုင်ခဲ့သည်။

မတည်ထူထောင်သူ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းတည်ထောင်ပေးမှုကြောင့် အမည်အစွဲပြုသော လူထုစာကြည့်တိုက်များလည်း ခိုင်မာစွာရှင်သန်ပြီး ပြည်သူအများကို ထိရောက်စွာအကျိုးပြုနေကြသည်။ ရန်ကုန်တိုင်း သုံးခွမြို့ ဒေါ်မိန်းခလေး စာကြည့်တိုက် (သက်တမ်း အနှစ် ၅၀ ရှိသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်)၊ မွန်ပြည်နယ် သထုံမြို့နယ် ဇင်းကျိုက်မြို့ ဗညားဒလစာကြည့်တိုက် (သက်တမ်း ၁၆နှစ်)နှင့် မကွေးတိုင်း ပခုက္ကူမြို့ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် (သက်တမ်း ၁၃နှစ်) စသည်တို့သည် ဖတ်စရာ၊ မှတ်စရာ စာအုပ်ပေါင်း တစ်သောင်းခွဲမှ သုံးသောင်းကျော်အထိရှိကြသော စာကြည့်တိုက်ကြီးများပင်ဖြစ်သည်။ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရှိ ပါရဂူစာကြည့်တိုက်(သက်တမ်း ၃နှစ်)တွင်လည်း စာအုပ်ပေါင်း ၃၀၀၀၀ ကျော်ကို မည်သူမဆို အခမဲ့ဖတ်ရှုနိုင်ကြသည်။ တန်ဖိုးကြီးမားသော ရှားပါးစာအုပ်များဖြစ်သည်။

မကြာမီက ရမည်းသင်းခရိုင် ကံဘဲ့ရွာသို့ မန္တလေးမြို့နေ ဦးသန်းထွဋ်က "ဦးသန်းထွဋ်စာကြည့်တိုက်" အဖြစ် တည်ဆောက် ရန် အလှူငွေကျပ် ၄၈ သိန်းကို ဇူလိုင် ၈ ရက်တွင် သက်ဆိုင်ရာသို့ ပေးအပ်လှူဒါန်းခဲ့သဖြင့် ၂၀၀၈ခုနှစ်အတွင်းမှာပင် ကံဘဲ့ကျေးရွာ၌ သိန်းငါးဆယ်ခန့်တန်သော ဦးသန်းထွဋ်စာကြည့်တိုက် ပေါ်ပေါက်လာတော့မည်ဖြစ်ပြီး ယခုစတင်တည်ဆောက်နေကြပြီဟု သိရှိရသည်။ အမည်အစွဲပြု လူထုစာကြည့်တိုက်များ တိုးပွားလာခြင်းသည် ပြည်သူများအတွက် သုတရသစာအုပ် စာပေကို အလွယ်တကူထိတွေ့ ဖတ်ရှုရစေခြင်းဖြစ်၍ အများအတွက် အားတက်စရာသာဓကခေါ်ဖွယ်ဖြစ်ပါသည်။

အမည်အစွဲပြု စာကြည့်တိုက်များမှာ ဒေါ်မိန်းခလေးစာကြည့်တိုက်(သုံးခွမြို့)၊ ဗညားဒလစာကြည့်တိုက် (ဇင်းကျိုက်ရွာ၊ သထုံခရိုင်)၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်(ပခုက္ကူမြို့)၊ ဦးဥတ္တမ (ကညော်ကျေးရွာ၊ ချောင်းဆုံမြို့နယ်)၊ ကောင်းသန့်စာကြည့်တိုက် (ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်)၊ ဒေါက်တာချစ်မောင် စာကြည့်တိုက် (အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်)၊ ဂျာနယ်ကျော်ချစ်မောင် စာကြည့်တိုက်(အုတ်ဖိုမြို့)၊ ပီမိုးနင်းစာကြည့်တိုက် (ရွာမကျောင်း၊ သာယာဝတီမြို့နယ်)၊ အမေသန်းစာကြည့်တိုက် (လက်ပံတန်းကျေးရွာ၊ ခရမ်းမြို့)၊ ဒေါ်အမာကြည်စာကြည့်တိုက် (အကောကျေးရွာ၊ သုံးခွမြို့)၊ ဒေါက်တာနှင်းစာကြည့်တိုက် (ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့)၊ ရှင်ဥတ္တမသာရစာကြည့်တိုက်(သပြေပင်ကျေးရွာ၊ မိတ္ထီလာမြို့)၊ ဦးသုခစာကြည့်တိုက် (လှည်းဆိပ်ရပ်၊ ကျိုက်လတ်မြို့)၊ ဦးထွန်းနေစာကြည့်တိုက် (မြို့သစ်ကလေးကျေးရွာ၊ ဟိုပင်မြို့)၊ ပါရဂူစာကြည့်တိုက် (ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်)၊ အောင်ဆန်းသူရိယစောမြင့် စာကြည့်တိုက် (ဘုရားကုန်းကျေးရွာ၊ ဘားအံမြို့)၊ ဦးရှင်ရစာကြည့်တိုက်(အုတ်ဖိုမြို့)၊ ဗိုလ်မှူးကြီးဘိုးကျင်စာကြည့်တိုက် (အလယ်ရွာ၊ မိတ္ထီလာမြို့)၊ ဘိုကလေးတင့်အောင်စာကြည့်တိုက် (ဘိုကလေးမြို့)၊ ဇော်ဂျီရာပြည့်စာကြည့်တိုက် (ဖျာပုံမြို့)တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက လက်ခံသည်။

ဇူလိုင် ၂၃ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဗိုလ်မှူးကြီးတင်ရွှေ(ငြိမ်း)နှင့် ဒေါ်ငွေယဉ် မိသားစု (ပဲခူးကလပ်ရိပ်သာ ပြည်လမ်း ရန်ကုန်မြို့)က ငွေကျပ် တစ်သိန်း၊ ကောင်းမြတ်ကုမ္ပဏီဝန်ထမ်းများက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်နှင့် ဒေါ်ခင်ခင်ကြီး မိသားစု ပါရမီ(မရမ်းကုန်းမြို့နယ်)က ဓာတ်မြေဩဇာနှစ်အိတ်အတွက် ငွေကျပ် ၃၆၀၀၀တို့ ဖြစ်သည်။

ဇူလိုင် ၂၄ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ကွယ်လွန်သူ ဦးတင်ရှိန်အားရည်စူး၍ ဇနီး ဒေါ်ကြည်ကြည် သား သမီး မြေး မိသားစုက လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ U Kyaw Naing Oo & Friends Confectionery Kualalumpu, Malaysia က ငွေကျပ်နှစ်သိန်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ငွေကျပ် ၆၅၁၂၉၀၀၀၊ Mr. Mamoj Ghopra & Mr. Poola, U.S.A က လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အလှူရှင်များက အမေရိကန်ဒေါ်လာ ၃၀၀တို့ဖြစ်သည်။

ဇူလိုင် ၂၃ရက်နှင့် ၂၄ရက်များတွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၃၈၄၆၅၀၀၀နှင့် အမေရိကန်ဒေါ်လာ ၃၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၄

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက် ပေးပို့လှူဒါန်းလျက်ရှိရာ မကွေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၉၈၁၄၆၀၀တန်ဖိုးရှိ ထောက်ပံ့ရေး ပစ္စည်းများနှင့် ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေ ၁၇၃၃၃၆၀၀၀ အပါအဝင် စေတနာရှင် ပြည်သူများ၏ ဇူလိုင် ၂၄ရက်အထိ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေ ၁၅၀၂၈၈၇၄၁၄၅ ကျပ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အမှတ်တမဲ့မှ အမှတ်တရ"တရားတော် (ဆရာတော် ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ)
၈း၀၅ - ၂း၀၅	မော်လမြိုင်တောင်ရိုးတန်းမှာ သပ္ပါယ်ထင်ရှား ဦးဇိနဘုရား
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅	International Video Topics (လျှင်မြန်ပေါ့ပါးမော်တော်ကား)
၈း၅၀ - ၂း၅၀	Orchard Families (အပိုင်း-၁)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	Art Vision (wild eye VI contemporary art exhibition)
၉း၄၀ - ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
၉း၅၅ - ၃း၅၅	ဓမ္မိကဗုဒ္ဓစာပေသင်တန်းမှ ကာလဒါနအလှူ
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	နယ်ဉ်ဆန်းထွင်ပန်းအလှဆင် [စက်ဝိုင်းပုံ ပန်းအိုးထိုးနည်း(ပန်းအိုးအကြီး)]
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးနှင့်ဆွေးနွေးခန်း)
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	Peace Of Mind (စိတ်ငြိမ်းအေးသော) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	သင်ယူလေ့လာ ပန်းပုပလာစတာ
၁၂း၀၅ - ၆း၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဖူးစာလမ်းဆုံ"
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	လေလှိုင်းကြားမှဖြေကြား ပရိသတ်များအမေးစကား
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လေဘေးသင့်ဒေသ လူနေအိမ်များဆောက်လုပ်ရန်ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပမှ စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများကို နေ့စဉ်လှူဒါန်းလျက်ရှိကြပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ကနေဒါနိုင်ငံမှ စေတနာရှင်များက လေဘေးသင့်ဒေသအတွင်း လူနေအိမ်နှစ်လုံးဆောက်လုပ်ရန် အလှူငွေကျပ် ၁၂သိန်းကို လာရောက်ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏(၇/၂၀၀၈) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ (၇/၂၀၀၈) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က လေးလပတ်ကာလ အတွင်း ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့များ၏ အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့က မိမိတို့တာဝန်ယူထားသော ပြည်နယ်နှင့်တိုင်းအလိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံသားတို့အတွက် သစ်တောထွက်ပစ္စည်းများနှင့် စားနပ်ရိက္ခာ ထုတ်လုပ်ပေးသည့်အပြင် ပတ်ဝန်းကျင် တည်တံ့ခိုင်မြဲရေးတွင်လည်း အရေးပါအရာရောက်သည့် ဒီရေတောများ၏ အခန်းကဏ္ဍကို ဖော်ညွှန်းသော "ပတ်ဝန်းကျင် တည်တံ့ခိုင်မြဲရေး ဒီရေတောများ ဝိုင်းဝန်းထိန်းသိမ်းပေး" ရုပ်မြင်သံကြား အစီအစဉ်နှင့် ဘိုကလေးမြို့နယ်အတွင်း မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် သစ်တောရေးရာဝန်ကြီးဌာန၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု ရုပ်မြင်သံကြားအစီအစဉ်များကို ကြည့်ရှုကြသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သူတို့ ဤသို့တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြုပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	ဓာတ်ဆီအင်ဂျင်	၁၈၈၉	Daimler	ဂျာမနီ
၂	ဂျက်အင်ဂျင်	၁၉၃၀	Whittle	အင်္ဂလိပ်
၃	ရေနွေးငွေ့အင်ဂျင်ပစ္စတင်	၁၇၀၅	Newcomen	အင်္ဂလိပ်
၄	ရေနွေးငွေ့အင်ဂျင်ပစ္စတင်	၁၇၆၉	Watt	စကော့တလန်
၅	ပုံထွင်းပညာ၊တံဆိပ်ထုပညာ	၁၈၅၂	Talbot	အမေရိကန်
၆	ဖန်မျှင်ထည် (Fiberglass)	၁၉၃၈	Owens-Corning	အမေရိကန်
၇	ဖန်ချည်မျှင်နန်းကြိုး (Fiber Optic wire)	၁၉၇၀	Keck, Maurer Schulz	အမေရိကန်
၈	မီးပြင်းဖို(သံမဏိ)	၁၈၅၈	Siemens	ဂျာမနီ
၉	အောက်လင်းဓာတ်မီး မီးစာမီးလုံး	၁၈၈၅	Welsbach	သြစတြီးယား
၁၀	ဓာတ်ဆီ (Lead ethyl)	၁၉၂၂	Midgley	အမေရိကန်

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၇-၂၀၀၈)ရက်နေ့

၂၀၀၈ ခုနှစ် သြဂုတ်လအတွက်

(၁၀-၈-၂၀၀၈)ရက်နေ့

နှင့်

(၃၁-၈-၂၀၀၈)ရက်နေ့

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဇူလိုင်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၂၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရန်ကုန်တိုင်းကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာများကို အကြံပြု ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ် ပညာသင်ဆုများ လျှောက်ထားနိုင်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၈ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ဆေးတက္ကသိုလ်သို့ တက်ရောက်ရန် အဆင့်မီသူများအနက် ဆင်းရဲနွမ်းပါး၍ ဆေးပညာ ဆက်လက်ဆည်းပူးရန် အမှန်တကယ် အခက်အခဲရှိသောသူများအနေဖြင့် **"ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆု"** လျှောက်ထားနိုင်သည်။

ပညာဒါန အလှူရှင်များမှာ ရန်ကုန်မြို့နေ ဦးအေးကျော်+ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုတို့ ဖြစ်သည်။ လျှောက်ထားခွင့်ရှိသူများမှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ မန္တလေး ဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်များသို့ ပထမနှစ်သင်တန်း တက်ရောက်ခွင့်ရရှိသူများဖြစ်သည်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပထမနှစ်သင်တန်းမှစ၍ ပညာသင်နှစ် တစ်နှစ်လျှင် လေးဦးစီကို ဘွဲ့ရသည်အထိ နှစ်စဉ် ပညာဒါန ပြုသွားမည်ဖြစ်ပြီး ပညာသင်ဆုရယူလိုသူများသည် ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြထားသော မိမိကိုယ်တိုင်ရေးလျှောက်လွှာဖြင့် အမှတ်(၅၀) ကန်ရိပ်သာ (၃)လမ်း Finger Lake, F. M. I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၈ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"** ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ ထက် မနည်း၊ ၄၀၀၀ ထက် မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေး ကြိုက်နှစ်သက်ရာဖြင့် A_4 အရွယ်အစား စာမျက်နှာ တစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြ၍ စာမူနှစ်စောင်(မူရင်းနှင့်မိတ္တူ)၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ(၁ လက်မခွဲ×၂လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်ပြီး ဒေါ်ခင်မျိုးမြင့်ကြူ ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန (၄၂၆) ပြည်လမ်း တက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ သြဂုတ် ၂၂ ရက်(သောကြာနေ့) နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၅၀၃၉၇၅ နှင့် ၅၃၇၇၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ အမျိုးသားရေး တေးကဗျာ
၄း၄၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀ ၈။ အမျိုးသားရေး တေးကဗျာ
၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေး တေးကဗျာ
၆း၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် အပိုင်း (၂၁)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေး တေးကဗျာ
၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -သေရည်သေရက် မေတ္တာစာ
၂၁။ စိုက်ပျိုးသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း (၃၄)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

အသည်းကောင်းလို့ ပွဲတောင်းသူများ လုံးချောကို ရေးမှ ဝဏ္ဏက စိန်ခေါ်

ရွှေရိုးရာ

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ စူပါကွေကာ၏ အဓိကကူညီပံ့ပိုးမှုဖြင့် H&S Group မှ ကိုစိုင်းဇော်ဇော် (ဇော် ပစ်တိုင်းထောင်) တာဝန်ယူစီစဉ်သည့် စူပါကွေကာ မြန်မာချန်ပီယံ စိန်ခေါ်ပွဲကြီး (အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်-၄)ကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ အလွတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)အား ရေးနယ်မှ အလဲထိုး လက်ဝှေ့ကျော် ဝဏ္ဏ (မျိုးဇာနည်၊ ဘားအံ)က စိန်ခေါ်ထိုးသတ်မည်။

အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်ကို စီးရီးအလိုက် စီစဉ်ခဲ့ရာ ယခုပွဲစဉ်(၄)မှ တွဲဆိုင်းများက ကျန်ပွဲစဉ်များထက်ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရသည်။ အဓိက စိန်ခေါ်ပွဲကြီး တွဲဆိုင်းသည်ပင် အခြားအခြားသော စိန်ခေါ်ပွဲကြီးများထက် ပိုမိုစိတ်ဝင်စားဖွယ် ဖြစ်နေသည်။ လုံးချောကို စိန်ခေါ် ထိုးသတ်မည့် ဝဏ္ဏသည် ရန်ကုန်ပရိသတ်များနှင့် အစိမ်းသက်သက် ဖြစ်နေသော်လည်း ရေး၊ ထားဝယ်နှင့် မွန်ပြည်နယ်တစ်ခွင်၌ အလဲထိုးပွဲများဖြင့် နာမည်ကျော်နေသူဖြစ်သည်။ ပွဲပေါင်း ၃၀ ကျော် အတွေ့အကြုံရှိထားပြီး မွေထိုင်း လက်ဝှေ့ကျော် ကလီချိုင်းကို ပထမအချီ၌ အလဲထိုးခဲ့၍ လန်ပန်ချိုင်းကို ခြောက်ချက် ချုပ်ရအောင် အကွဲထိုးခဲ့သူဖြစ်သည်။ ဘီလပ်မြေ စတားနှင့် တာတိုးဝါးတို့ကို အနိုင်ယူခဲ့ပြီး တစ်ချိန်က ဘားအံနယ်တွင် လျှမ်းလျှမ်းတောက် နာမည်ကျော်ခဲ့သူ နောင်လုံဖျန်ကို ပထမအချီ၌ အလဲထိုးခဲ့သည်။

အသည်းကောင်း၍ မာဂုဏ်ရှိသည့် ဝဏ္ဏက ချန်ပီယံလုံးချောကို သရေပွဲ ရရုံမျှနှင့် ကျေနပ်မည် မဟုတ်ဘဲ အသည်းချင်းပေါက်၍ နောက်မဆုတ်တမ်း ထိုးသတ်သွားမည်ဖြစ်ကြောင်း အာမခံထားသည်။ လုံးချောကလည်း

ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)။

စိန်ခေါ်သူ ဝဏ္ဏ (မျိုးဇာနည် ဘားအံ)။

မိမိအနေဖြင့် သရေပွဲ များခဲ့ခြင်းကို ရပ်တန့်ပစ်၍ ယခုပွဲဖြင့် အနိုင်လမ်းကြောင်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှေ့ထွက်ပွဲကြီးအဖြစ် ထိုးသတ်မည့် ရွှေခါးပတ်ချန်ပီယံ စစ်သွေး (ဘီလပ်မြေစက်ရုံ)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင် ဒေါဂျစ်(လယ်/ဆည်) တို့ပွဲကလည်း ပရိသတ်အကြိုက် ပွဲတစ်ပွဲဖြစ်လာပေမည်။ ၎င်းတို့နှစ်ဦးသည် အသည်းကောင်းပွဲစဉ်(၂)တွင် အကြိတ်အနယ် ရင်ဆိုင်ခဲ့ကြရာ ၎င်းပွဲကြီး၏ အကောင်းဆုံးပွဲ တစ်ပွဲဖြစ်ခဲ့သည်။ စစ်သွေးက ငယ်ဂုဏ်ရှိပြီး ထိုးလုံးသတ်ပေါက် စုံလင်သည်။ ရလာသည့် အခွင့်အရေးတိုင်းကို အချိန်မဆိုင်း ယူတတ်ပြီး ပရိသတ်အကြိုက် လေဝဲတံတောင်၊ ပြောင်ဗလာဒူး၊ နောက်ပြန်ကန်ချက်၊ ပတ်လည် တံတောင်များကို အသုံးပြုလေ့ရှိသည်။ ဒေါဂျစ်က သမ္မာရင့်သူပီပီ အကွက်စေ့စေ့ဖြင့် ခံစစ်ဆင်ရင်းမှ တိုက်စစ်သို့ သပ်ရပ်စွာကူးပြောင်းနိုင်စွမ်းရှိပြီး မြန်ဆန်စူးနစ်သော ဖြောင့်လက်သီးတွဲများကို မနားတမ်း ပစ်လွှတ်နိုင်သူလည်း ဖြစ်သည်။

ယခုပွဲကြီး၏ ပွဲစဉ်ပေါင်း ၁၀ ပွဲတွင် အလဲထိုးပွဲ ဖြစ်နိုင်ချေအများဆုံးပွဲက ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင် စောဂပရေမှူး (တွံတေး)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင် ဝါးရင်းတုတ်ဖိုးကေ (မန္တလေး)တို့ပွဲ ဖြစ်သည်။ ဖိုးကေသည် ပြိုင်ဘက်ကို ၁၉ စက္ကန့်အတွင်း အလဲထိုးနိုင်သည့် ပြင်းထန်သော ဝိုက်တွဲလက်သီးများကို ပိုင်ဆိုင်ထားပြီး ထိုးဆင်တတ်သူ ဖြစ်သည်။ ၎င်းနှင့်ယှဉ်မည့် စောဂပရေမှူးကလည်း ပြင်းထန်အားပါသော ဘယ်ညာ ခြေကန်ချက်များ၊ သေသပ်ထိရောက်သော ကန့်လန့်(ဂလန့်) ဒူးများဖြင့် ပြိုင်ဘက်ကို ဒုက္ခပေးနိုင်ပြီး ဖြောင့်လက်သီးတွဲများကို အတွဲလိုက် ပစ်လွှတ်နိုင်သည်။ နှစ်ဦးစလုံးက ခံစစ်ထက် တိုက်စစ်ကိုသာ အားသန်သော ဖိုက်တာများဖြစ်သောကြောင့် သူဦးသူစား ကိုယ်ဦးကိုယ်စားများသူခံရမည့်ပွဲ ဖြစ်ပေရာ လေးချီမကူးဘဲ အလဲထိုးဖြင့် ပွဲသိမ်းသွားမည့် သဘောရှိနေသည်။

အထက်ပါပွဲများအပြင် မုန်တိုင်း (မျိုးဇာနည်၊ ဘားအံ)နှင့် မိုက်တိုင်ဆန် (အလင်းရောင်)၊ ရန်နိုင်အောင် (တောင်ကလေး)နှင့် ဒိန်း (မြန်မာ့သွေးသစ်)၊ ဂဠုန်မင်း (မျိုးဇာနည်၊ ဘားအံ)နှင့် သိန်းဈာန် (ရက္ခဗျာလ)၊ ဆက်ထူးအောင် (တောင်ကလေး)နှင့် ရွှေမိုးကောင်း (ဘီလပ်မြေစက်ရုံ)၊ မိုးသီး(မြန်မာပြည်သား)နှင့် ကချင်လေး (ဘီလပ်မြေစက်ရုံ)တို့၏ ငါးချီ စိန်ခေါ်ပွဲများကလည်း အသည်းချင်းချည်၍ ပညာချင်း ဖလှယ်ကြမည့်သူများ ရင်ဆိုင်ပေးထားသဖြင့် မနားတမ်း လက်ခုပ်တီးပေးရမည့် သဘောရှိနေသည်။

ရှေ့ထွက်ပွဲ (လေးချီအထူးပွဲ) နှစ်ပွဲဖြစ်သည့် စနေထွန်း (မြန်မာ့သွေးသစ်)နှင့် လင်းယုန် (ရက္ခဗျာလ)၊ နဂါး(မြန်မာ့သွေးသစ်)နှင့် သတ္တိသွေး (မျိုးဇာနည်)တို့ ပွဲကလည်း သူ့အထွာနှင့်သူ တူတူတန်တန် ပေးဆပ်မည်ဖြစ်ကြောင်း မျက်ဝါးထင်ထင် မြင်ရပေလိမ့်မည်။ ပထမတန်း ချန်ပီယံဟောင်းကြီး သမန်းကျား နာယကအဖြစ် ဆောင်ရွက်၍ ဆရာစွန်ရဲ (တိုက်ကြီး) နည်းပြနေသည့် မြန်မာ့သွေးသစ်အဖွဲ့က ရိုးရာလက်ဝှေ့လောကထဲသို့ အရှိန်အဟုန်ဖြင့် တိုးဝင်လာနေကြောင်း ယခုပွဲဖြင့် သက်သေပြမည်ဟု ဆိုသည်။

အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၄)သည် စူပါကွေကာ မြန်မာပြည်ချန်ပီယံ စိန်ခေါ်ပွဲ ဆိုသည့်အတိုင်း လက်ရှိချန်ပီယံ လုံးချောက သရေပွဲများကြောင့် အရောင်မှိန်လာသော သူ၏ ချန်ပီယံသရဖူကို နိုင်ပွဲဖြင့် အရောင်တင်ပေးရန် လိုအပ်နေသကဲ့သို့ စိန်ခေါ်သူ ဝဏ္ဏကလည်း ပထမဆုံးအကြိမ်ရသည့် အခွင့်အရေးကို အပိုင်သုံး၍ ချန်ပီယံသရဖူကို ကရင်ပြည်နယ် (မျိုးဇာနည်ကလပ်)သို့ ပြန်လည်ယူဆောင်သွားနိုင်ရန် အပြင်းအထန် ရုန်းမည့်သဘောရှိနေရာ ဝါသနာရှင်တိုင်းအတွက် လက်လွတ်မခံသင့်သည့် ပွဲတစ်ပွဲဟု ဆိုရပါတော့မည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၈ (သောကြာနေ့)

၁၃၇၀ပြည့်နှစ်၊ဝါဆိုလပြည့်ကျော်(၈)ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၁၅	၆။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၂၅	၇။	အကပြိုင်ပွဲ
၈:၃၀	၈။	International News.
၈:၄၀	၉။	Islands Of Dhamma
၈:၄၅	၁၀။	ဘဒ္ဒန္တသြဘာသဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ပုဏ္ဏာမာရာမဈေးကျောင်းတိုက်၊ ညောင်တုန်းမြို့ ဧရာဝတီတိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	နားဝင်ပီယံသူ့လက်သံ
၄:၂၅	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၃၀	၄။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက ၆၊ ဗိုလ်တထောင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄:၅၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၆။	တေးဂီတအစီအစဉ်
၅:၁၅	၇။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅:၂၅	၈။	"မနိုင်သောအရှုံး" (ဟက်ကက်ဇင်ရဲထက်၊ ခိုင်သင်းကြည်၊ အရိုင်း၊ဖိုးဖြူ၊ ကင်းကောင်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၅:၄၅	၉။	အဆိုပြိုင်ပွဲ
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၆:၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၁၆)**
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ 'ပင်လယ်ပျော်မင်းသား" (အပိုင်း-၁၄)**
	၁၈။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာဘာဝနာ ပွားများခြင်းတရားတော်
	၁၉။	အစီအစဉ်ပြီး၏။

ကမ္ဘာ့ဝိပဿနာလိုဏ်ဂူ စေတီတော်အတွက် ငွေလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက အုတ်မြစ်တော် စီပေးခဲ့ပြီး ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံတော်တူ ကမ္ဘာ့ဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း၊ ဓမ္မဇောတိ ဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြပါရန်နှင့် ဖုန်း- ၂၄၅၃၂၇၊ ၅၄၉၂၉၀ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေး ရက်တိုသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၄

MBA& NGOs များတွင် ပို့ချနေသော ပညာရှင်များက လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေကြသော၊ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းလောင်းများအတွက် ဇူလိုင် ၇ ရက်မှ ဩဂုတ် ၂ ရက်အထိ ကုမ္ပဏီလုပ်ငန်းပေါင်း ၅၀ မှ ဝန်ထမ်း ၁၀၀ အား "အခမဲ့" ပို့ချခဲ့သည်။ ယခုအခါ ဈေးကွက်၏ တောင်းဆိုမှုကြောင့် လုပ်ငန်းစီမံခန့်ခွဲမှု၊ ရုံးလုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်များ တိုးတက်ရေးအတွက် ရက်တို/ရက်ရှည် သင်တန်းများကို သက်သာသောနှုန်းဖြင့် အများတက်ရောက်နိုင်ရန် စီစဉ်ဖွင့်လှစ်ပေးမည်ဖြစ်ရာ လုပ်ငန်းရှင်များအနေနှင့် မိမိဝန်ထမ်းများအား ပို့ချလိုပါက ၁၀ ဦးနှင့် အထက်အတွက် သက်ဆိုင်ရာလုပ်ငန်းခွင်တွင် General Management, Trade Policy, Personal Development, Business Ethics, Hospitality, Time Management, Work Floor Management, Human Adjustment & Communication, Marketing Management, Financial Management Accounting သင်တန်းများကို စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အသေးစိတ် သိရှိလိုပါက ဖုန်း- ၅၀၀၃၀၃၊ ၅၀၀၅၄၇၊ ၅၀၀၅၄၈ နှင့် ၅၃၄၇၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နဝမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ (UMFCCI Office Tower) မင်္ဂလာခန်းမ၌ ကျင်းပသည်။

အမှူးပေးဝေ

အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတသာရ အမှူးပြုသည့် သံဃာတော် ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** ရေစက်သွန်းချ အမှူးပေးဝေကြသည်။ (က-ပ)

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၄

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ဖွင့်လှစ်၍ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးကြသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွင် ဧရာဝတီတိုင်း ကူးစက်ရောဂါ စုံစမ်းရေးအရာရှိ ဒေါက်တာခင်နန်းလုံ ဦးဆောင်၍ ကဒုံကနိ တိုက်နယ် ဆရာဝန် ဒေါက်တာအေးနိုင်၊ အင်္ဂပူမြို့နယ်မှ ကျန်းမာရေးမှူးများ၊ ဖျာပုံမြို့နယ်မှ အခြေခံကျန်းမာရေး ဝန်ထမ်းများပါဝင်ပြီး ကဒုံကနိ တိုက်နယ်ပြည်သူ့ဆေးရုံနှင့် ကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေး ဆပ်ကော်မတီ ဆေးခန်းဖွင့်လှစ်ကာ အထွေထွေရောဂါ လူနာများနှင့် ကလေးလူနာများအား စမ်းသပ်ကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား စမ်းသပ်ပေးခြင်း၊ ကာကွယ်ဆေး ထိုးပေးခြင်း၊ ကျန်းမာရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကျေးရွာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ကျောင်းကျန်းမာရေးပညာပေး ဟောပြောပွဲ ကျင်းပ၍ ကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျေးရွာအတွင်း ယင်လုံအိမ်သာများ ဆောက်လုပ်ထားရှိမှုကို စစ်ဆေးခြင်း၊ ကျေးရွာအတွင်း သွေးလွန် တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိစေရန် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဖြစ်သည့် သောက်သုံးရေများကို ပိုးလောက်လမ်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဆေးခပ်ပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်၍ လက်တွေ့ပညာပေးခြင်း၊ ကူးစက်ရောဂါများဖြစ်ပွားမှု ရှိ၊ မရှိ စုံစမ်းခြင်းများကို ဒေသဆိုင်ရာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပြီး ဇူလိုင် ၁၈ ရက်တွင် အမာမြို့နယ်ဆေးရုံ၌ ဆေးခန်း ဖွင့်လှစ်၍ တာဝန်ခံဆရာဝန် ဒေါက်တာဉာဏ်မင်း ဦးဆောင်သော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် အတူ အမာမြို့ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၁၉)နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ် ဗိုလ်လုမည်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၈ ခုနှစ် (၉)ကြိမ်မြောက် အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၁၉)နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ဇူလိုင် ၂၂ရက်နှင့် ၂၃ ရက်တို့က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ တနင်္သာရီတိုင်းအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဇူလိုင် ၂၂ ရက်က ကျင်းပသည့် ပထမအကြိုဗိုလ်လုပွဲတွင် တနင်္သာရီတိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို တစ်ဂိုးတည်းဖြင့် အနိုင်ရသွားသည်။ အကောင်းဆုံးဆုကို တနင်္သာရီတိုင်းမှ သန့်ဇင်ကရရှိသည်။

ဇူလိုင် ၂၃ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲကိုဆက်လက်ကျင်းပရာ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ကြ၍ ပယ်နယ်တီ အဆုံးအဖြတ်ကန်ရပြီး ကရင်ပြည်နယ်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရသွားသည်။

ဇူလိုင် ၂၅ရက်တွင် တတိယနေရာလုပွဲအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဗိုလ်လုပွဲအဖြစ် ဇူလိုင် ၂၆ ရက်၌ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ဗိုလ်လုကြမည်ဖြစ်သည်။ (ကြေးမုံ)

သတင်းနှင့် ဓာတ်ပုံ စိုးညွန့် (ကြေးမုံ)

(၉)ကြိမ်မြောက် အားကစားဝန်ကြီးဖလား အသက်(၁၉)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ပထမအကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် တနင်္သာရီတိုင်းအသင်းတို့အား ကျပ်ငါးသောင်းစီချီးမြှင့်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအတွက် ကမ္ဘောဇဘဏ်လီမိတက်မှ ဦးစံမောင် ချီးမြှင့်စဉ်။ (ကြေးမုံ)

ပြည်နယ်နှင့်တိုင်း ယူ-၁၉ ဘောလုံးပြိုင်ပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဒေသခံဘောလုံးပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြစဉ်။ (ကြေးမုံ)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ သာသနာရေးနှင့် ကျန်းမာရေးတို့ အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၂၄

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (င)အုပ်စုမှ သာသနာရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကိုလည်းကောင်း အနိုင်ရရှိသွားကြသည်။

အဆိုပါပြိုင်ပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှတာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

၂၅-၇-၂၀၀၈ (နေပြည်တော်ကွင်း)

(စ)အုပ်စု-ကာကွယ်ရေးနှင့် ရွှေ့နေချုပ်ရုံး
(ပေါင်းလောင်းကွင်း)
(စ)အုပ်စု-သတ္တုတွင်းနှင့် လူဝင်မှုကြီးကြပ်ရေး

(၁၀၇)

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင်ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ ဒသမ ၁၉ လက်မ၊ တံတားဦးမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ မန္တလေးမြို့တွင် ၄ ဒသမ ၁၄ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၀၁ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၁၈ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ၂၅ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ဘားအံမြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီ၊ မကွေးမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင် ၂၅ရက် ညနေထိ ခန့်မှန်းချက်

ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မိုးရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၉ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်) ၂၃-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၂၄-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း ၂၄-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၁ ဒသမ ၅နာရီခန့် ၂၃-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၄-၇-၂၀၀၈	၂၀မမ (၀ဒသမ၇၈လက်မ)	၁၉မမ (၀ဒသမ၇၄လက်မ)	၁၂မမ (၀ဒသမ၄၇လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၄၅၈ မမ (၅၇ဒသမ၄၀လက်မ)	၁၆၄၂မမ (၆၄ဒသမ ၆၄လက် မ)	၁၉၄၈မမ (၇၆ဒသမ ၆၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၃-၇-၂၀၀၈ရက် ၁၆း၃၀နာရီတွင် တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်သည်။

The Live News ဂျာနယ် အမှတ် (၉၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၄

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ် (၉၀)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ မြန်မာ့စိတ်နေ၊ မြင်းမူမောင်နိုင်မိုး၏ ဖားသူငယ်နှင့် အရွယ်သုံးပါး၊ နီမင်းဆွေ၏ သိုးတို့ရဲ့ငြိမ်းချမ်းရာနယ်မြေ(၂)၊ ကိုကိုလှိုင်၏ နိုင်ငံရေးအရ အသုံးချခံနေရသည့် ဖုရားဝိဟာဘုရားကျောင်းတော်၊ ဦးကို၏ လမ်းပေါ်ကအတွေးများ (၁၆)ပြုံပြုံ-ဝင်ဝင်ကားများ၊ မောင်မြတ်မွန်(ဆူးလေ)၏ သံသုမာလမ်းကိုအခြေခံထားတဲ့ ရန်ကုန်မြို့တော်ပတ်လမ်း(၁)၊ အာရှမိုး၏ သူခိုးသေဖော်ညှိရင်းပြီးဆုံးသွားတဲ့ ဂျီ-၈ ဆွေးနွေးပွဲ၊ အောင်ကျော်ဆန်း၏ မော်လမြိုင်ရွှေကျွန်း တောက်ထွန်းတဲ့သာသနာ၊ ဇော်ဝင်းကြည်၏ ဂျီ-၈ ထိပ်သီးညီလာခံမှ သကြိန်အမြောက်သံများ၊ မောင်နေလင်း၏ တက္ကစီမင်းနှင့် ယာဉ်စည်းကမ်း၊ သမ္မတဘုရှ်ကို လုပ်ကြံရန်ကြံစည်သူခြောက်ဦး အစ္စရေး၌ ဖမ်းမိ၊ ဆိုးရွားလာသော ဂျပန်-ကိုရီးယားဆက်ဆံရေး၊ ဂျော်ဂျီယာ-အက်ဘ်ခါဇီယာအရေး အနောက်နိုင်ငံများ၏ ကမ်းလှမ်းချက် အက်ဘ်ခါဇီယာပယ်ချ၊ ပျောက်ကွယ်လုဖြစ်နေသော လူသားမျိုးနွယ်သစ်များကို ဘရာဇီးတောနက်ကြီးများထဲတွင် ရှာဖွေတွေ့ရှိ၊ ကိုယ့်ဘဝလို့သတ်မှတ်ရမယ့်ချစ်သူကို ရှာမတွေ့သေးတဲ့ ရဲလေး အနာဂတ်မှာ သရုပ်ဆောင်လောကထဲကို ရဲလေး Return ဆိုပြီး ပြန်လာမည်၊ လိုအပ်သော အရည်အချင်းရှိပါက အသက်၁၆ နှစ်မှ ၂၀နှစ်အတွင်းရှိမည်သူမဆို စင်ကာပူနိုင်ငံ၌အခမဲ့ပညာသင်ကြားနိုင်မည်၊ ပင်လယ်ပျော်မင်းသား အပိုင်း(၁၅၊၁၆)၊ ရွှေမင်းသားလေး ချစ်ပုံပြင် အပိုင်း(၁၆၊၁၇) စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အားအပတ်စဉ်စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃လ-၁၃စောင် ငွေကျပ် ၅၈၅၀၊ ၆လ-၂၆စောင် ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊အမှတ်(၃၁၀)၊အခန်း(၀၀၄)ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ်(၅၅)ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇ သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

စာကြည့်တိုက် ရှင်သန်ခိုင်မာရေးဟောပြော၊ စာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ချန်းဖမ်းကျေးရွာနှင့် မပူတေးကျေးရွာစာကြည့်တိုက်များ၌ စာကြည့်တိုက် ရှင်သန်ခိုင်မာ ရေးဆွေးနွေးပွဲကို ဇူလိုင် ၅ ရက်တွင် ချန်းဖမ်းကျေးရွာစာကြည့်တိုက်၌ကျင်းပသည်။ ဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်/ဆက် ဦးစီးအရာရှိဒေါ်လှကြည်ကစာကြည့်တိုက် ရှင်သန်ခိုင်မာရေးကို ဆွေးနွေးပြောကြား၍ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ကေသီရှိန်က သုတရသစာအုပ်နှင့် မဂ္ဂဇင်း၊ဂျာနယ်စာအုပ် ၈၀ကိုပေးအပ်လှူဒါန်းရာ ချန်းဖမ်းကျေးရွာ ဥက္ကဋ္ဌ ဦးလင်းအောင်က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံကိုဗဟိုပြု၍ အင်အားပြင်း ငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၄

၂၀၀၈ ခုနှစ် ဇူလိုင် ၂၃ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီ ၀၇ မိနစ် ၃၅ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၃၀၀၀ခန့်ကွာဝေးသောနေရာ (ဂျပန်နိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မိုးရေချိန်စံချိန်သစ်များ

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၈ခုနှစ် ဇူလိုင် ၂၄ရက် နံနက် ၉နာရီခွဲတွင် အောက်ဖော်ပြပါစခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁	တံတားဦး	၁၂၀	၄. ၇၂	၉၉	၃. ၉၀	၁၇-၇-၂၀၀၆	၁၅
၂	မန္တလေး	၁၀၅	၄. ၁၄	၈၀	၃. ၁၅	၂၂-၇-၁၉၆၈	၆၁

မြန်မာ့ရေလုပ်ငန်း ပြန်လည်ထူထောင်မှု

ကိုစံ(စက်မှု)

အရှေ့တောင်အာရှ၏ အချက်အချာကျသည့် နေရာတွင်ရှိပြီး မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားသည့် ကမ်းရိုးတန်းကို ပိုင်ဆိုင်သည့် မြန်မာနိုင်ငံ၏ မြေထု ရေထုထဲတွင် သက်ရှိ သက်မဲ့ သယံဇာတ ပေါကြွယ်ဝလှသည့်အပြင် ကမ္ဘာပေါ်ရှိ မပျက်စီးသေးသည့် ပတ်ဝန်းကျင်၊ ညစ်ညမ်းမှု မရှိသည့် ရေပြင်နှင့် လေထုရှိပြီး နှစ်ပေါင်းရာနှင့်ချီ၍ သဘာဝဘေးအန္တရာယ် ကြီးကြီးမားမား ကျရောက်ခြင်းမရှိဘဲ အေးချမ်းစွာ တည်ရှိခဲ့သည်။

၂၀၀၈ ခုနှစ်၊ ဧပြီလကုန်တွင် ကပ္ပလီပင်လယ်အတွင်း ဖြစ်ရိုးဖြစ်စဉ် လေဖိအားနည်းရပ်ဝန်းသည် အားကောင်းလာပြီး မုန်တိုင်းငယ်၊ ထိုမှ ဆိုင်ကလုန်းမုန်တိုင်း၊ ထိုမှ အားအလွန်ကောင်းသည့် ဆိုင်ကလုန်း မုန်တိုင်းကြီးအဖြစ် ရောက်ရှိလာခဲ့သည်။ ဖြစ်မြဲဖြစ်စဉ်ဆိုလျှင် ထိုမုန်တိုင်းမျိုးသည် မြောက်ဘက် သို့မဟုတ် အနောက်မြောက်ဘက်သို့ ရွေ့လျားကာ အိမ်နီးချင်း နိုင်ငံများဘက်သို့ ဝင်ရောက်ကာ အားပျော့ပျက်ပြယ်သွားလေ့ရှိသည်။ သို့သော် ဖန်လုံအိမ်အာနိသင်၊ ကမ္ဘာကြီး ပူနွေးလာမှု စသည့် ကမ္ဘာနှင့် ဆိုင်သည့် ပတ်ဝန်းကျင် ပျက်ယွင်းမှုများကြောင့် ဖြစ်ပေါ်လာသည့် နာဂစ်ဟု အမည်ပေးခံရသည့် ထိုမုန်တိုင်းကြီးသည် မေလ ၂ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ဟိုင်းကြီးကျွန်းကို စတင်ဝင်ရောက်ခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ် တောင်ပိုင်းနှင့် ရန်ကုန်တိုင်း၊ ထိုမှ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ကို မေလ ၃ ရက်နေ့တွင် ဆက်လက်ဖြတ်ကျော် တိုက်ခတ်ကာ မေလ ၄ ရက်နေ့ နေ့လယ်ကျမှ ထိုင်းနိုင်ငံဘက်သို့ ဝင်ရောက်ပြီးနောက် အင်အားပျက်ပြယ်သွားတော့သည်။

မည်သို့မျှ ရှောင်လွှဲ၍မရနိုင်သည့် သဘာဝဘေးအန္တရာယ် ဆိုင်ကလုန်းမုန်တိုင်းကြီးသည် တစ်ခါမျှ ထိုသို့ ကြီးကြီးမားမား မုန်တိုင်းဒဏ်ကို မကြုံဖူးသည့် မြန်မာတို့ကို ပြင်းစွာဖျက်ဆီးသွားခဲ့လေသည်။ သတင်းများတွင် ဖော်ပြထားသည့် စာရင်းများအရ သေဆုံးသူ ၈၄၅၃၇ ဦး၊ ပျောက်ဆုံးသူ ၅၃၈၃၆ ဦးအထိ ရှိခဲ့ရပြီး ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ အသက်အိုးအိမ်စည်းစိမ်များ၊ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ရေယာဉ်များ၊ တိရစ္ဆာန်များ၊ သီးနှံစိုက်ခင်းများ၊ သစ်တောများနှင့် ရိက္ခာပစ္စည်းများကို ဖျက်ဆီးသွားခဲ့သည်။

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း လေဘေးဒဏ်ခံရသည့် ဒေသတွင် နေထိုင်သည့် လူအများစုမှာ လယ်ယာလုပ်ကိုင်သူများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။ မုန်တိုင်းကြောင့် ကမ်းနီးကမ်းဝေး ငါးဖမ်းစက်တပ်၊ စက်မဲ့ လှေသင်္ဘောများ ထောင်နှင့်ချီ၍ နစ်မြုပ်ပျက်စီးခဲ့ရသည်။ ငါးဖမ်းကိရိယာဖြစ်သည့် ပိုက်မျိုးစုံ ပမာဏများပြားစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့အတူပင် ငါးကန်၊ ပုစွန်ကန် ဧကပေါင်းများစွာ ပျက်စီးခဲ့ရသည်။

ဧရာဝတီသည် နိုင်ငံတော်၏ ငါးဟင်းအိုးကြီးဟု တင်စားခေါ်ဝေါ်ခံခဲ့ရလောက်အောင် ငါး ပုစွန် ကဏန်း ပေါများစွာ ပြည်တွင်းစားသုံးရန်သာမက ပြည်ပနိုင်ငံခြားငွေ ရှာဖွေပေးခဲ့သည်။ ရန်ကုန်သည်လည်း ပင်လယ်ငါးဖမ်းသင်္ဘောများ ဆိုက်ကပ်ရာ Maritime Port လည်းဖြစ်၊ အအေးခန်း စက်ရုံအများစုရှိရာလည်းဖြစ်၍ ငါးလုပ်ငန်း ကုန်သွယ်မှုတွင် လွန်စွာအရေးပါလှသည်။ မြန်မာ့ရေလုပ်ငန်း၏ အဆိုပါ အဓိကနေရာကြီးနှစ်ခုကိုမှ အဆိုပါမုန်တိုင်းက တိုက်ခတ်ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။ မြန်မာ့ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်က ဒေါ်လာ ၄၆၆ သန်းနှင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာ သန်း ၅၆၀ ရရှိခဲ့သည်။ ၂၀၀၈-၂၀၀၉ အတွက် ရည်မှန်းချက်က ဒေါ်လာ သန်း ၈၅၀ ဖြစ်သည်။ မုန်တိုင်းဒဏ်ခံရသည်က မေလဆန်းဖြစ်၍ ယခုနှစ်အတွက် အရှိန်ယူပြီး ပြေးမည့်ဟန်ပြင်ရုံရှိသေး၊ ခြေထိုးခံလိုက်ရလေပြီ။ မြန်မာ့ရေလုပ်ငန်း ပုံမှန်အတိုင်း ပြန်လည်ဖြစ်စေရန် အဘက်ဘက်မှ အားထည့် စီစဉ်ရပေတော့မည်။

× × ×

မေလ ၃ ရက်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်ကာ အစည်းအဝေးခေါ်ယူ၍ ဆပ်ကော်မတီ အသီးသီးအလိုက် တာဝန်များ ခွဲဝေကာ ကယ်ဆယ်ရေးနှင့် ထူထောင်ရေးအတွက် စီစဉ်ကြတော့သည်။ ထိုအချိန် ရန်ကုန်မြို့တွင် မုန်တိုင်းက တိုက်၍ကောင်းတုန်းပင် ရှိသေးသည်။ ပြည်သူလူထုအပေါ် ထားရှိသည့် တာဝန်ရှိသူအကြီးအကဲတို့၏ သားသမီးနှင့် မိဘသဖွယ် ထားရှိသည့် စိတ်ရင်းစေတနာပင်ဖြစ်သည်။ ထို့နောက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ ပြည်သူ့ တပ်မတော်နှင့် NGO အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အလှူရှင် မိတ်ဆွေကောင်းများ၏ စာနာကူညီမှုများဖြင့် တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြသည်။

"အသက်ရှင်ကျန်ရစ်သူတိုင်း ဆက်လက်အသက်ရှင်နေထိုင်ရမယ်" ဟူသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ သြဝါဒနှင့်အညီ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဌာနအသီးသီး အဖွဲ့အသီးသီးက ချက်ချင်းလုပ်ဆောင်ခဲ့ကြပြီး ကယ်ဆယ်ရေးစခန်းတွေကို ဒေသအနှံ့ ဖွင့်လှစ်ကာ အပူတပြင်း ဆောင်ရွက်ခဲ့ကြသည်။ **အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ပြန်လည်ထူထောင်ရေး လုပ်ငန်းဖြစ်သည့် ယာယီအမိုးအကာများ၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရသူများအား မိမိတို့ဆန္ဒဖြင့် နေရင်းရပ်ရွာများတွင်အခိုင်အမာအိမ်ရာများဖြင့် ပြန်လည်အခြေချနေထိုင်ရေးအတွက် နိုင်ငံတော်နှင့် ပြည်တွင်းမှ စေတနာရှင်တို့၏ပံ့ပိုးမှုဖြင့် နေအိမ်များကို ဆောက်လုပ်ပေးလျက်ရှိသည်။ တစ်ဆက်တည်းမှာပင် ဒေသအတွင်း မူလအလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ရေးကိုလည်းပံ့ပိုးရပြန်သည်။ လယ်ယာလုပ်ငန်းများအတွက် ကျွဲနွားများ၊ မျိုးစပါးများ၊ လက်တွန်းထွန်စက်များ၊ စက်သုံးဆီများကို ပံ့ပိုးပေးလျက်ရှိသည်။ ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သည့် ပိုက်၊ လှေတို့ကိုလည်း နိုင်ငံတော်က ကူညီပံ့ပိုးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။**

ရေလုပ်သားတို့အတွက် အရေးတကြီးလိုသည်မှာ လှေနှင့် ပိုက်ဖြစ်သည်။ ယနေ့ရလျှင် ယနေ့ ငါးဖမ်းမည်ဟု ဆိုသည်။ ယနေ့ ဝင်ငွေရမည်။ ဒေသခံ ရေလုပ်သားတို့ကလည်း ရေလုပ်ငန်းသာ လုပ်လိုသည်။ သည်မြစ်၊ သည်ချောင်းရှိသရွေ့ သူတို့ ဝမ်းစာမပူ၊ ဝင်ငွေမပူ။ မြစ်ချောင်းရှိလျှင် ငါး၊ ပုစွန် ရှိရမည်။ ဒါဆိုလျှင် ဝင်ငွေရမည်။ ဆန်၊ ဆီ အကုန်လိုချင်တာ ဝယ်နိုင်မည်။ ခက်သည်က လှေမရှိ၊ ပိုက်မရှိ၊ မြင်သာမြင်၍ မကြင်ရသည့်ဘဝ ဖြစ်သည်။ နိုင်ငံတော်က လှေတွေ၊ ပိုက်တွေ ပေးမည်ဆို၍ သူတို့တွေ ဝမ်းသာကြသည်။ စာရင်းမှတ်စနစ်ဖြင့် ပေးမည်။ သင့်တော်သည့်အချိန်မှာ ပြန်ဆပ်ရမည် ဆိုလျှင်လည်း ပြန်ဆပ်မည်ဟု ရဲရဲကြီး အာမခံကြသည်။ ဘဝအနေအထားမှာ မြင့်လေပြီ။ နိုင်ငံတော်က အခြေခံရေလုပ်သားများ လူနေမှုဘဝမြင့်စေရန် ရည်ရွယ်၍ စီစဉ်ပေးခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အကြီးအကဲက လှေများထောက်ပံ့ရာတွင် လက်လှော်အစား စက်ပါတပ်ပေးရန် လမ်းညွှန်သည်။ ရေလုပ်သားတို့ ပျော်ကြပြီ။ တစ်သက်လုံး လက်ထိုးလှေနဲ့ ငါးရှာရာက စက်တပ်ပဲ့ထောင်များနဲ့ ငါးဖမ်းရတော့မည်။

လေဘေးသင့်ဒေသများရှိ ထောက်ပံ့မှုပေးရမည့် ရေလုပ်သားဦးရေနှင့် လိုအပ်ချက်များကို သိစေရန်အတွက် ကွင်းဆင်းဆောင်ရွက်မှုများကို ဧရာဝတီတိုင်းတွင် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ လပွတ္တာ၊ ငပုတော၊ ဟိုင်းကြီး၊ မော်လမြိုင်ကျွန်းဒေသများ၊ ရန်ကုန်တိုင်းတွင် တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျောက်တန်း၊ ခရမ်းမြို့နယ်၌ အဖွဲ့ငယ်များ ခွဲကာ အောက်ခြေအထိ စာရင်းကောက်ပြီး လိုအပ်မှုများ အနီးစပ်ဆုံး သိရှိနိုင်ရန် ဆောင်ရွက်ခဲ့သည်။

တည်ဆောက်မည့် လှေများအတွက် လိုအပ်သည့် သစ်ကို နိုင်ငံတော်၏အစီအစဉ်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပံ့ပိုးပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သစ်စက်ကြီးများတွင် သစ်လုံးများကို လိုအပ်သည့် အရွယ်အစားရအောင် ဖြတ်တောက်ပေးသည်။ ဤတွင် အချို့သစ်စက်ကြီးများက ဝန်ဆောင်ခ မယူဘဲ လုပ်အားဒါန ကူညီပါဝင်ပေးခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းအသီးသီးရှိ လှေ တည်ဆောက်တတ်သူ ကျွမ်းကျင်ပညာရှင်များ၊ လက်သမား ဆရာများကို ခေါ်ယူစုစည်းပြီး လှေ တည်ဆောက်မည့် မြို့များတွင် အလုပ်ရုံများ ဖွင့်လှစ်ခဲ့သည်။ အလုပ်ရုံ တစ်ခုစီအလိုက် ပြည်နယ်/တိုင်း ငါးလုပ်ငန်း ဦးစီးဌာနတို့မှ ကွပ်ကဲစေလျက် ထုတ်လုပ်ရမည့် လှေအရေအတွက်နှင့် လှေ၏ အတိုင်းအတာတို့ကို သတ်မှတ်ပေးခဲ့သည်။ ဦးချွန်းပဲ့ချွန်းလှေ အလျား ၂၁ ပေရှိပြီး မြင်းကောင်ရေ ၆ ဒသမ ၅ ခတ်ဆီအင်ဂျင် တပ်ဆင်မည်ဖြစ်သည်။ ဇွန်လ ၁၅ ရက်နေ့မှစတင်၍ ရန်ကုန်၊ ဖျာပုံ၊ အိမ်မဲ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ မြောင်းမြ၊ ပုသိမ် စသည့် မြို့များတွင် လှေတည်ဆောက်လုပ်ရေး လုပ်ငန်းများကို စတင်ခဲ့သည်။ လှေများ အချိန်မီ ပြီးစီးရေးအတွက် ခေတ်မီဖြတ်စက်၊ ရွှေဘော်စက်များ အသုံးပြုကာ ကျွမ်းကျင်သူများဖြင့် တည်ဆောက်လျက်ရှိရာ ယခုဆိုလျှင် လှေအစင်းရေ ထောင်နှင့်ချီပြီး ပြီးစီးနေပြီဖြစ်သည်။ လှေတည်ဆောက်မှု လုပ်ငန်းများကို အချိန်မီ ပြီးစီးရေးအတွက် တာဝန်ရှိသူများက နေ့ရောညပါ တာဝန်ယူကြီးကြပ်လျက်ရှိသည်။

ဒေးဒရဲမြို့သို့ လွှဲပြောင်းပေးအပ်သည့် ငါးဖမ်းပိုက်မျိုးစုံ အင်ဂျင်စက်များနှင့် ဆက်စပ် ပစ္စည်းများကို တွေ့ရစဉ်။

လေဘေးသင့်ဒေသများတွင် ရေလုပ်ငန်းပြန်လည်ထူထောင်ရန် လှေတည်ဆောက်မှု အခြေအနေ (၁၅-၆-၂၀၀၈ မှ ၁၀-၇-၂၀၀၈ ရက်နေ့အထိ)

စဉ်	မြို့နယ်အမည်	လျာထား	ပြီးစီး
၁။	ငပုတော(ပုသိမ်)	၁၀၀၀	၃၀၂
၂။	လပွတ္တာ	၃၀၀၀	၂၃၉
၃။	မော်လမြိုင်ကျွန်း	၁၀၀၀	၉၄
၄။	ဖျာပုံ	၁၀၀၀	၃၆၈
၅။	ဘိုကလေး	၁၀၀၀	၂၇၀
၆။	မြောင်းမြ	၁၀၀၀	၅၁၀
၇။	အိမ်မဲ	၅၀၀	၁၅၅
၈။	ရန်ကုန်	၁၀၀၀	၉၀
	စုစုပေါင်း	**၉၅၀၀**	**၂၀၂၈**

တစ်ချိန်တည်းမှာပင် လိုအပ်သည့် ငါးဖမ်းကိရိယာများကို အမျိုးအစားအလိုက် ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူခဲ့ကြသည်။ မြန်မာ့ မြစ်ချောင်းများနှင့် ဒေသအနေအထား အမျိုးမျိုးကွဲပြားသည့် အလျောက် ငါးဖမ်းကိရိယာ ပိုက်ကလည်း အမျိုးစုံလှသည်။ ကျားပိုက်ကြီးများမှ ဘဝန်း၊ သုံးထပ်မျှောပိုက်၊ ငါးသလောက်မျှောပိုက်၊ ကွင်းတားပိုက် အပါအဝင် လက်ပစ်ကွန်နှင့် ရင်တွန်း၊ ဂေါ်ထိုးပိုက်များအထိ၊ ဒေသအလိုက် သို့မဟုတ် ရေလုပ်သား၏ လိုအပ်မှုအလိုက် ပံ့ပိုးနိုင်အောင် စီစဉ်မှာကြားရသည်။ ယခုအခါ မှာယူထားသော ငါးဖမ်းပိုက် အမျိုးမျိုး အပါအဝင် ကြိုး၊ ဖော့သီး၊ ခဲသီး စသည့် ရေလုပ်ငန်းသုံးပစ္စည်းများမှာ သက်ဆိုင်ရာ မြို့နယ် အသီးသီးရှိ တာဝန်ရှိသူများထံ ဖြ
ဖြစ်သည်။

တည်ဆောက်ပြီးစီးသည့် စက်
နှင့် ငါးဖမ်းပိုက်များကို လေဘေးသင့်
သက်ဆိုင်ရာ တာဝန်ရှိသူများထံ
များဖြင့် လွှဲပြောင်းပေးအပ်လျက်ရှိသ
ခဏ ရုပ်မြင်သံကြားတွင် တွေ့မြင်နေရ
၃၀ ရက်နေ့တွင် လပွတ္တာမြို့နယ် ကေ
တွင်လည်းကောင်း၊ ဇူလိုင်လ ၁
ငပုတောမြို့နယ် ပြင်ခရိုင်နှင့် ဖျာပုံမြို့
ရွာတွင်လည်းကောင်း၊ ဇူလိုင်လ ၇
မော်လမြိုင်ကျွန်းမြို့နှင့် ဘိုကလေးမြို့
ကောင်း၊ ဇူလိုင်လ ၈ ရက်နေ့တွင် ကွမ်း
ဒေးဒရဲမြို့တို့တွင်လည်းကောင်း ထိ
ငါးဖမ်းကိရိယာများကို အသီးသီး လွှဲပြေ
ခဲ့ကြသည်။

လေဘေးသင့်ဒေသများတ
ရေလုပ်ငန်းပြန်လည်ထူထော
ငါးဖမ်းစက်လှေများ
၈-၇-၂၀၀၈ရက်နေ့အထိ လွှဲပြော

စဉ်	နေ့ရက်	မြို့နယ် အမည်
၁။	၃၀-၆-၂၀၀၈	လပွတ္တာ
၂။	၁-၇-၂၀၀၈	ငပုတော
၃။	၁-၇-၂၀၀၈	ဖျာပုံ
၄။	၇-၇-၂၀၀၈	ဘိုကလေး
၅။	၇-၇-၂၀၀၈	မော်လမြိုင်ကျွန်
၆။	၈-၇-၂၀၀၈	ကွမ်းခြံကုန်း
၇။	၈-၇-၂၀၀၈	ဒေးဒရဲ
		စုစုပေါင်း

သက်ဆိုင်ရာဝန်ကြီးဌာနအနေ
သင့် ဒေသဖြစ်သည့် ဖျာပုံ၊ ဘိုကလေ

ကွမ်းခြံကုန်းမြို့သို့ လွှဲပြော
သည့် ဖိုက်ဘာလှေများ။

မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ငပုတော၊
စသည့် မြို့နယ်များရှိ အင်းများကို
ငွေအကြေပေးသွင်းပြီးမှ လုပ်ကိုင်ခွင့်ပြ
ယခုအခါ အင်းခွန်ကို ဇူလိုင်လတွင်
အောက်တိုဘာလတွင် ဒုတိယအရစ်နှ
တွင် တတိယအရစ်ဟူ၍ ခွဲ၍ သွင်း
ထို့အပြင် တင်ဒါပိုက်ချက်လုပ်ကိုင်သူ
များကို ၅၀ ရာခိုင်နှုန်း အခွန်လျှော့ချ
ဘုံငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည
တွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများ၌ ရေ
အား ကိရိယာလိုင်စင်ခွန် ကောက်
ငါးဖမ်းဆီးခွင့်ပြုထားသည်။ စက်တင်ဘာ
ပုံမှန်အတိုင်း ကိရိယာခွန် ပေးဆော
သည်။ အင်းများ၊ ပိုက်ချက်များမှာ သ

အသီးသီးရှိ တာဝန်ရှိသူများထံ ဖြန့်ဝေပေးပို့ပြီး ဖြစ်သည်။

တည်ဆောက်ပြီးစီးသည့် စက်တပ်လှေများနှင့် ငါးဖမ်းပိုက်များကို လေဘေးသင့်မြို့နယ်များသို့ သက်ဆိုင်ရာ တာဝန်ရှိသူများထံ အခမ်းအနားများဖြင့် လွှဲပြောင်းပေးအပ်လျက်ရှိသည်ကို မကြာခဏ ရုပ်မြင်သံကြားတွင် တွေ့မြင်နေရသည်။ ဇွန်လ ၃၀ ရက်နေ့တွင် လပွတ္တာမြို့နယ် ကျောက်မော်ရွာတွင်လည်းကောင်း၊ ဇူလိုင်လ ၁ ရက်နေ့တွင် ငပုတောမြို့နယ် ပြင်ခရိုင်နှင့် ဖျာပုံမြို့နယ် အုန်းပင်ရွာတွင်လည်းကောင်း၊ ဇူလိုင်လ ၇ ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့နှင့် ဘိုကလေးမြို့တို့တွင် လည်းကောင်း၊ ဇူလိုင်လ ၈ ရက်နေ့တွင် ကွမ်းခြံကုန်းမြို့နှင့် ဒေးဒရဲမြို့တို့တွင်လည်းကောင်း ထိုလှေများနှင့် ငါးဖမ်းကိရိယာများကို အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

လေဘေးသင့်ဒေသများတွင်
ရေလုပ်ငန်းပြန်လည်ထူထောင်ရန်
ငါးဖမ်းစက်လှေများ
၈-၇-၂၀၀၈ရက်နေ့အထိ လွှဲပြောင်းပေးအပ်မှု

စဉ်	နေ့ရက်	မြို့နယ် အမည်	လှေ အစင်းရေ
၁။	၃၀-၆-၂၀၀၈	လပွတ္တာ	၂၂၆
၂။	၁-၇-၂၀၀၈	ငပုတော	၁၃၇
၃။	၁-၇-၂၀၀၈	ဖျာပုံ	၂၀၅
၄။	၇-၇-၂၀၀၈	ဘိုကလေး	၁၈၀
၅။	၇-၇-၂၀၀၈	မော်လမြိုင်ကျွန်း	၁၅၀
၆။	၈-၇-၂၀၀၈	ကွမ်းခြံကုန်း	၆၅
၇။	၈-၇-၂၀၀၈	ဒေးဒရဲ	၁၄၄
		စုစုပေါင်း	**၁၁၀၇**

သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မုန်တိုင်းသင့် ဒေသဖြစ်သည့် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ

လှေများ

ဖျာပုံမြို့နယ်သို့ လွှဲပြောင်းပေးအပ်သည့် လှေများကို တွေ့ရစဉ်။

တွင်ဖြစ်၍ မပျက်စီးသော်လည်း ငါးဖမ်းကိရိယာများ၊ အဆောက်အအုံများ၊ ကျွမ်းကျင်ရေလုပ်သားများ သေကျေပျက်စီးဆုံးရှုံးကာ များစွာထိခိုက်နစ်နာခဲ့ရသည်။ ထိုလုပ်ငန်းရှင်များ လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သည့် ငါးဖမ်းကိရိယာများ ပြန်လည် ဖြည့်တင်းနိုင်ရေးအတွက် ဘဏ်ချေးငွေများကို မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ စီစဉ်ပေးလျက်ရှိသည်။ အလားတူပင် ငါးကန်များ၊ ပုစွန်ကန်များမှ မုန်တိုင်းဒဏ်ကြောင့် ရေဝင်ပျက်စီးခြင်း၊ ကန်ပေါင်များပြိုကျ၍ ငါးများ ထွက်ကုန်ခြင်း၊ ရောကုန်ခြင်းတို့ ဖြစ်ပွားခဲ့ရသည်။ ၎င်းကို ပြန်လည်ထူထောင်ရေးအတွက် ပျက်စီးသွားသော ငါးကန်တစ်ဧကလျှင် ပျက်စီးမှုပေါ် မူတည်၍

အတွင်း ဆိပ်ခံတွင် ရပ်ထားစဉ်အတွင်း လေမုန်တိုင်းဒဏ်ကြောင့် တစ်စင်းနှင့်တစ်စင်း တိုက်မိကာ နစ်မြုပ်ခဲ့ရသည်များလည်း ရှိသည်။ လေဒဏ် လှိုင်းဒဏ်ကြောင့် ကမ်းတင်သွားသည်များလည်းရှိသည်။ ထိုနစ်မြုပ်သွားသော သိန်းထောင်နှင့်ချီတန်သည့် ငါးဖမ်းသင်္ဘောများကို ပြန်လည် ဆယ်ယူရေးအတွက် ကူညီပေးခဲ့ပြီး ဆယ်ယူခနှင့် ပြန်လည်ပြုပြင်မွမ်းမံရာတွင် ကုန်ကျစရိတ် သိန်းငါးဆယ်မှ တစ်ရာအတွင်း ရှိသဖြင့် ထို့အတွက် လိုအပ်ငွေကိုလည်း မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများဖြင့် ထောက်ပံ့ခဲ့ရသည်။ ထိုသို့ဖြင့် ပင်လယ်ငါးဖမ်းသင်္ဘောများ အမြန်ဆုံး ဆယ်တင်ပြင်ဆင်ပြီး ပင်လယ်ပြင်ငါးဖမ်း ထွက်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ရာ ယခုဆိုလျှင် ငါးဖမ်းသင်္ဘောများ အထိအမိ ကောင်းစွာ ရန်ကုန်နှင့် ဖျာပုံဆိပ်ကမ်းများသို့ ပြန်ဝင်နိုင်ကြပြီ ဖြစ်သည်။ ထိုသို့ ရေလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် ချေးငွေသိန်းပေါင်း နှစ်သောင်းမှ သိန်းပေါင်း လေးသောင်းခန့် သုံးစွဲသွားရန် စီစဉ်ထားရှိသည်။

ထို့ပြင် မုန်တိုင်းပြီးစတွင် လျှပ်စစ်မီး မရရှိသေးသဖြင့် အအေးခန်းစက်ရုံများ အဆက်မပြတ်လည်ပတ်နိုင်ရေးနှင့် ငါးဖမ်းသင်္ဘောများ ငါးဖမ်းထွက်နိုင်ရေးအတွက် လောင်စာဆီ အခက်အခဲ မရှိစေရန်အတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ပြည်ပတင်ပို့မှုများလည်း ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ငါးရိက္ခာ မပြတ်လပ်စေရေး၊ ဈေးကြီးမြင့်မှုမရှိစေရေးကို ထိန်းသိမ်းနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် လမ်းညွှန်မှုကို ခံယူကာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးမှာ မုန်တိုင်းအပြီး နှစ်လအကျော်တွင် သိသိသာသာ ပြန်လည်ဦးမော့လာနေပြီဖြစ်သည်။

× × ×

ကွမ်းခြံကုန်းမြို့သို့ လွှဲပြောင်းပေးအပ်သည့် ဖိုက်ဘာလှေများ။

မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ငပုတော၊ ကွမ်းခြံကုန်းစသည့် မြို့နယ်များရှိ အင်းများကို ပုံမှန်အားဖြင့် ငွေအကြေပေးသွင်းပြီးမှ လုပ်ကိုင်ခွင့်ပြုသော်လည်း ယခုအခါ အင်းခွန်ကို ဇူလိုင်လတွင် ပထမအရစ်၊ အောက်တိုဘာလတွင် ဒုတိယအရစ်နှင့် ဒီဇင်ဘာလတွင် တတိယအရစ်ဟူ၍ ခွဲ၍ သွင်းခွင့်ပြုခဲ့သည်။ ထို့အပြင် တင်ဒါပိုက်ချက်လုပ်ကိုင်သူ လုပ်ငန်းရှင်များကို ၅၀ ရာခိုင်နှုန်း အခွန်လျှော့ချခွင့်ပြုခဲ့သည်။ ဘုံငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ရေပြင်များတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများ၌ ရေလုပ်သားများအား ကိရိယာလိုင်စင်ခွန် ကောက်ခံခြင်းမပြုဘဲ ငါးဖမ်းဆီးခွင့်ပြုထားသည်။ စက်တင်ဘာလမှစ၍သာ ပုံမှန်အတိုင်း ကိရိယာခွန် ပေးဆောင်ရမည်ဖြစ်သည်။ အင်းများ၊ ပိုက်ချက်များမှာ သဘာဝရေပြင်

ချေးငွေများ ထောက်ပံ့ပြီး ပြန်လည်ထူထောင်စေခဲ့သည်။

နာဂစ်မုန်တိုင်းကြောင့် ငါးဖမ်းသင်္ဘောများ၏ ပျက်စီးဆုံးရှုံးမှုမှာလည်းကြီးမားလှသည်။ ရန်ကုန်မြစ်

ဒေးဒရဲမြို့တွင် ကျင်းပသော လေဘေး ပြန်လည်ထူထောင်ရေး ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ ပေးအပ်ပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်သည့် ယာယီ အမိုးအကာများ၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရသူများအား မိမိတို့ဆန္ဒဖြင့် နေရင်းရပ်ရွာများတွင် အခိုင်အမာ အိမ်ရာများဖြင့် ပြန်လည်အခြေချ နေထိုင်ရေးအတွက် နိုင်ငံတော်နှင့် ပြည်တွင်းမှ စေတနာရှင်တို့၏ ပံ့ပိုးမှုဖြင့် နေအိမ်များကို ဆောက်လုပ်ပေးလျက်ရှိသည်။ တစ်ဆက်တည်းမှာပင် ဒေသအတွင်း မူလအလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ရေးကိုလည်း ပံ့ပိုးရပြန်သည်။ လယ်ယာလုပ်ငန်းများအတွက် ကျွဲနွားများ၊ မျိုးစပါးများ၊ လက်တွန်းထွန်စက်များ၊ စက်သုံးဆီများကို ပံ့ပိုးပေးလျက်ရှိသည်။ ရေလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သည့် ပိုက်၊ လှေတို့ကိုလည်း နိုင်ငံတော်က ကူညီပံ့ပိုးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြောကြားခဲ့သည့် **"နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်းမှု၊ တိုင်းရင်းသားလုပ်ငန်းရှင် များ၊ စေတနာရှင် အလှူရှင်များ ပူးပေါင်းပါဝင်မှုတို့ဖြင့် မူလ လူနေမှုဘဝထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးထားသည့်အပေါ် အခြေခံ၍ အလုပ်ကို ယခင်ကထက် ပိုမိုကြိုးစားလုပ်ဆောင် သွားကြရန်၊ တာဝန်ရှိသူများက ကျေးရွာများအထိ ဆင်းကာ ကျေးရွာနေသူများကို ယခင်က ဖြစ်သလို နေထိုင်စားသောက်သည့် စိတ်ဓာတ်များ ပယ်ဖျောက်၍ အလုပ်ကို ကြိုးစားလုပ်ပြီး စနစ်တကျ ငွေစုဆောင်းကာ မိမိတို့ဘဝကို ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်မည့် စိတ်ဓာတ်မျိုးဖြစ်အောင် စည်းရုံးကြပါ"** ဆိုသည့် အချက်များမှာ တန်ဖိုးရှိလှပေသည်။ မှန်လည်း မှန်ပေသည်။ ထိုင်နေ၍တော့ ဘာမှဖြစ်မလာပါ။ ယခု နိုင်ငံတော်မှပေးသည့် ငါးဖမ်းလှေနှင့် ငါးဖမ်း ကိရိယာများကို ရရှိသူများအနေဖြင့် သေချာစွာထိန်းသိမ်းပြီး အကျိုးရှိစွာ သုံးစွဲ၍ မိမိဘဝကို မြှင့်တင်ဖို့ လိုအပ်လှပေသည်။

စမ်းသပ်မောင်းနှင်ပြသနေသည့် ငါးဖမ်းလှေများကို ငေးကြည့်ရင်း ဧရာဝတီ၊ ဖျာပုံသားဖြစ်သော ဆရာဇော်ဂျီ၏ **"တို့တိုင်းပြည်"** ကဗျာထဲမှ စာပိုဒ်အချို့ကို ကြားယောင်နေမိပါတော့သည်။

ထလော့မြန်မာ၊ မြန်မာထလော့
အားမပျော့နှင့်၊ မလျှော့လုံ့လ
သူကစ၍၊ ငါကအားလုံး
လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့...။

ငါးဖမ်းပိုက်နှင့် အင်ဂျင်စက်ပစ္စည်းများ

မော်လမြိုင်ကျွန်းမြို့နယ်သို့ လွှဲပြောင်းပေးအပ်သည့် ငါးဖမ်းပိုက်မျိုးစုံနှင့် အင်ဂျင်စက်ပစ္စည်းများကို တွေ့ရစဉ်။

လက်နက်နှင့်ကျည်ဆန် ရောင်းချနေသူတစ်ဦးအား ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့ ဖမ်းဆီး

ဒါကာ ဇူလိုင် ၂၂

ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့များသည် တရားမဝင် လက်နက်များ၊ ကျည်ဆန်များနှင့်အတူ လူငယ်တစ်ဦးအား ဖမ်းဆီးခဲ့သည်။ ၎င်းလူငယ်သည် အကြမ်းဖက်အဖွဲ့များကို လက်နက်ခဲယမ်းများ ထောက်ပံ့နေသူဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

ဒါကာမြို့ မာပါဒေသမှ ပင်သာဟူ စိန်ဒီဖူ (၁၈နှစ်) အား လုံခြုံရေးတပ်ဖွဲ့က ဇူလိုင် ၂၀ ရက် ညပိုင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းသည် လက်နက်များဖြင့် စီးပွားရေးလုပ်ကိုင်နေသည်မှာ သုံးနှစ်ကြာရှိပြီဖြစ်ကြောင်း၊ လက်နက်များ ငှားရမ်းခြင်းကြောင့် တစ်လလျှင် တာကာ ၇၅၀၀၀ ခန့် (အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့်) ဝင်ငွေရရှိကြောင်း ဒီမူ၏ ပြောကြားချက်ကို ကိုးကား၍ ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

ရဲတပ်ဖွဲ့က ဒီမူထံမှ ခြောက်လုံးပြူးသေနတ် သုံးလက်၊ ပစ္စတို တစ်လက်၊ ကျည်ဆန် ၆၀ ခန့်၊ ဓားတစ်လက်နှင့် ယမ်းတောင့်ဘူးများကို ဖမ်းဆီးရမိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားသည့် တရုတ်နိုင်ငံ တီယန်ကျင်းရှိ ကြွေထည်အပိုင်းအစ သန်း ၄၀၀ ဖြင့် တည်ဆောက်ထားသော ကြွေထည်နန်းတော် အဆောက်အအုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-ပေကျင်းရီဗျူး)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ရုရှားနှင့် ရင်းနှီးစွာဆက်ဆံနိုင်ရန် ဗင်နီဇွဲလားသမ္မတချာဗက်ဇ် မော်စကိုသို့ ရောက်ရှိ

မော်စကို ဇူလိုင် ၂၂

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် လက်နက်သစ်များ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရေးနှင့် ရုရှားရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီများ လက်တင်အမေရိကဒေသသို့ ဝင်ရောက်လာရေးအတွက် ဆွေးနွေးရန် ရုရှားနိုင်ငံ၏မြို့တော် မော်စကိုသို့ ရောက်ရှိနေသည်။ ၎င်းက ဗင်နီဇွဲလားနိုင်ငံအား အမေရိကန်၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တန်ပြန်လုပ်ဆောင်နိုင်ရန်အတွက် မဟာဗျူဟာမြောက် မိတ်ဆွေနှစ်နိုင်ငံဖြစ်လာစေရန်ကိုလည်း နှိုးဆော်တိုက်တွန်းလိုက်သည်။

ယင်းသို့ ပြုလုပ်ခြင်းဖြင့် ဗင်နီဇွဲလားနိုင်ငံ၏ အချုပ်အခြာအာဏာကို အာမခံနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ အမေရိကန်က မိမိနိုင်ငံအား ခြိမ်းခြောက်နေကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ပြောကြား

ရုရှားနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံ ဆက်ဆံရေးသည် ဒေသ၏ လုံခြုံရေးတွင် အရေးပါလျက်ရှိသည်။ ထိုဆက်ဆံရေးကို ဖော်ဆောင်ရန် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ချာဗက်ဇ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် တိုက်တွန်းပြောကြားသည်။ အမေရိကန်ပြည်ထောင်စုအား အင်အားတန်ပြန်ကိုက်ညီနိုင်ရန်အတွက် ရုရှား၏ ကြိုးပမ်းမှုနှင့်ပတ်သက်၍ မိမိဝမ်းသာအားရရှိသည်ဟု ချာဗက်ဇ်က ပြောကြားသည်။ ***အင်တာနက်။***

ဘေဂျီမြို့ အုပ်ချုပ်ရေးမှူး၏သားနှင့် အခြားတစ်ဦးသေဆုံးမှု အမေရိကန်တပ်ဖွဲ့အတွက် အငြင်းပွားစရာဖြစ်နေ

ဘဂ္ဂဒက် ဇူလိုင် ၂၂

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဒေသခံ အီရတ်အုပ်ချုပ်ရေးမှူး၏ သားဖြစ်သူနှင့် အခြားတစ်ဦးတို့ တနင်္ဂနွေနေ့တွင် သတ်ဖြတ်ခဲ့ကြောင်း၊သေဆုံးသူများမှာ အီရတ်ရှိ အယ်လ်-ခိုင်ဒါ ကွန်ရက်ဝင်များဖြစ်သည်ဟု အမေရိကန်တပ်ဖွဲ့ဝင်များက ဖော်ပြကြောင်း အင်တာနက်သတင်းအရ သိရသည်။

ဖော်ပြပါ အုပ်ချုပ်ရေးမှူး၏ ၁၆ နှစ်ရှိ သားနှင့်၎င်း၏ညီအစ်ကိုဝမ်းကွဲဖြစ်သူတို့သည် ဆလာဟက်ဒင်ပြည်နယ်ရှိ ဘေဂျီမြို့သို့ နံနက်ပိုင်း ဝတ်တက်ရန်သွားခဲ့ရာ၌ သတ်ဖြတ်ခံရသည်ဟု ဒေသဆိုင်ရာရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

၎င်းရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်သည် ဒုတိယဗိုလ်မှူးကြီး အယ်လ်-ကိုင်စီဖြစ်ပြီး အုပ်ချုပ်ရေးမှူး၏ အစ်ကိုတော်သူ ဖြစ်သည်။ အယ်လ်-ကိုင်စီ၏ ထိုကိစ္စအပေါ် ဖော်ပြမှုနှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က အငြင်းပွားလျက်ရှိသည်။အမေရိကန်တပ်ဖွဲ့ဝင်များက ဘေဂျီမြို့သို့ အရုဏ်ဦးကာလတွင် ဝင်ရောက်စီးနင်းခဲ့စဉ်အတွင်း ၎င်းတို့ အလိုရှိနေသော အီရတ်ရှိ အယ်လ်ခိုင်ဒါကွန်ရက်မှ ဘဏ္ဍာရေးမှူးတစ်ဦးကို ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။ ၎င်းသည် စီးနင်းခံရစဉ်အတွင်း ထိခိုက်ဒဏ်ရာရပြီး ဒဏ်ရာဖြင့် စစ်ဆေးရုံတွင် သေဆုံးသွားခဲ့သည်ဟု အမေရိကန်တို့က ပြောကြားသည်။ ***အင်တာနက်။***

ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ များနှင့် မသန်စွမ်း အိုလံပစ်ပြိုင်ပွဲများအား ရုပ်မြင်သံကြား တိုက်ရိုက် ထုတ်လွှင့်မည့်ယာဉ် ၅၂ စီး တင်ဆောင်လာသည့် မော်တော်ယာဉ်တင်သင်္ဘောကြီး တစ်စင်းတရုတ်နိုင်ငံ မြောက်ပိုင်း တီယန်ကျင်းဆိပ်ကမ်းသို့ ဇူလိုင် ၂၄ရက်က ဆိုက်ကပ်လာစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

ဂျပန်ရိုးရာအခမ်းအနား

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြုလုပ်သည့်ရိုးရာအခမ်းအနား တစ်ခုသို့တက်ရောက်လာသော ရိုးရာဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးများကို ဇူလိုင် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေကျင်းအိုလံပစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြို့တော် ပေကျင်းမြို့ရှိ အိုလံပစ် အားကစားရွာအဝင်မုခ်ဦးကို ဇူလိုင် ၂၄ရက်က တွေ့ရစဉ်။ (ယင်းအိုလံပစ်ရွာကို ကမ္ဘာအရပ်ရပ်မှ လာရောက်ကြ မည့်ပြိုင်ပွဲဝင် အားကစားသမားများအတွက် ဇူလိုင် ၂၇ရက်နေ့မှစတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။)

(ဓာတ်ပုံ- ဆင်ဟွာ)

ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် နန်နင်းမြို့တွင် ဇူလိုင် ၂၄ရက်က အသစ်ထုတ်ဝေလိုက်သော အိုလံပစ်အထိမ်းအမှတ် ဟောင်ကောင်ဒေါ်လာ ငွေစက္ကူသစ်ကို အမျိုးသမီးငယ်တစ်ဦးက ပြသနေစဉ်။

(ဩဂုတ် ၈ရက်မှ ၂၄ရက် အထိကျင်းပမည့် ပေကျင်း အိုလံပစ် အားကစားပွဲတော် အထိမ်းအမှတ်အဖြစ် အထူးပုံစံပြု ထုတ်ဝေလိုက်သော ဟောင်ကောင် ဒေါ်လာ ငွေစက္ကူသစ်မှာ အမှတ်တရစုဆောင်းသူများအတွက် စိတ်ဝင်စားဖွယ်ရာ ဖြစ်လာသည်။) ***(ဓာတ်ပုံ-ဆင်ဟွာ)***

မြေထိုးစက်ဖြင့် ရမ်းကားမှု ဂျေရုဆလင်၌ ထပ်မံဖြစ်ပွား

ဂျေရုဆလင် ဇူလိုင် ၂၂

ဂျေရုဆလင်မြို့တွင် ဇူလိုင်၂၂ရက် က မြေထိုးစက်မောင်းသူတစ်ဦး၏ ရမ်းကားမှုကြောင့် ဟိုတယ်တစ်ခု အနီးရှိ ယာဉ်များ ထိခိုက်ပျက်စီးခဲ့ရသည်။ ယင်းဟိုတယ်သည် အမေရိကန်နိုင်ငံ ဒီမိုကရက်တစ်သမ္မတလောင်း ဘာရက်အိုဘားမား အလည်အပတ်လာရောက်စဉ် တည်းခိုမည့် နေရာဖြစ်သည်။ ၎င်းယာဉ်မောင်းကို သေနတ်ဖြင့် ပစ်သတ်ဖမ်းဆီးခဲ့ရသည်။

အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားရာနေရာနှင့်မိုင်ဝက်ခန့်အကွာရှိ သမ္မတအိမ်တော်၌ အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်နှင့် ပါလက်စတိုင်း သမ္မတ မာမွတ်အာဘတ်စ်တို့ တွေ့ဆုံနေစဉ် အထက်ပါကိစ္စ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ဂျေရုဆလင်မြို့အနောက်ပိုင်းဂျေဝစ်တွင် လွန်ခဲ့သော တစ်လခန့်က လည်းမြေထိုးစက် ယာဉ်ဖြင့် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

တုပ်ကွေးရောဂါပြန့်ပွားမည့် အလားအလာ ထောက်လှမ်းစောင့်ကြည့်မှု မြှင့်တင်ရန် ပိုမိုလိုအပ်

လန်ဒန် ဇူလိုင် ၂၂

ကမ္ဘာတစ်ဝန်းရှိ လူသန်း ၅၀ အားသေစေနိုင်ပြီး အကြီးအကျယ် ထိခိုက်ပျက်စီးစေမည့် တုပ်ကွေးရောဂါ ပြန့်ပွားမှု တိုက်ဖျက်ရေးအတွက် ကမ္ဘာ့နိုင်ငံများက ကြိုတင်ကာကွယ်ရန် ပျက်ကွက်လျက်ရှိကြောင်း ဗြိတိန် အောက်လွှတ်တော်ကော်မတီက ပြောကြားသည်။

ရောဂါဖြစ်ပွားလျှင် ဖြစ်ပွားချင်း သိရှိရန်အတွက် စောစီးစွာ သတိပေးသည့်စနစ်များ ဖော်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်မှု အားနည်းနေကြောင်း ဗြိတိန် ဝန်ကြီးများက အောက်လွှတ်တော် ကော်မတီသို့ အထောက်အထား ပေးပို့ရာတွင် ပြောကြားသည်။ အဆိုပါ တုပ်ကွေးရောဂါပြန့်ပွားမည့် အလားအလာကို ထောက်လှမ်းစောင့်ကြည့် လေ့လာမှု မြှင့်တင်ရန် ပိုမိုလိုအပ်လာသည်ဟု ၎င်းတို့က ပြောကြားပြီး ရောဂါအပေါ် အမြန်တုံ့ပြန်နိုင်မည့် မူဝါဒများ ချမှတ်ဖော်ဆောင်ရန်လည်း တိုက်တွန်းလိုက်သည်။

ဝေဖန်

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့သည် လက်တွေ့အားဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ကမ္ဘာတစ်ဝန်းသို့ ပြန့်ပွားသွားနိုင်မည့် အဆိုပါ တုပ်ကွေးရောဂါ၏ ခြိမ်းခြောက်မှု အန္တရာယ်အား နိုင်ငံတကာဆိုင်ရာ တုံ့ပြန်မှုနှင့်ပတ်သက်၍ ယင်းကော်မတီက ဝေဖန်ဖော်ပြခဲ့သည်။

အင်တာနက်။

ရုရှားနိုင်ငံ ပင်လယ်နက်ကမ်းခြေသို့ စိတ်အပန်းဖြေရန် ရောက်ရှိနေကြသော တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှ ငလျင်ဒဏ်ခံရသည့် ကလေးငယ်များ သဲသောင်ပြင်၌ ပျော်ရွှင်စွာ ကစားနေကြသည်ကို ဇူလိုင် ၂၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆာအာခ်ညီလာခံကာလအတွင်း အပစ်အခတ်ရပ်စဲမည်ဟု တမီးလ်ကျားသူပုန်များကြေညာ

ကိုလံဘို ဇူလိုင် ၂၂

သီရိလင်္ကာနိုင်ငံတွင် ကျင်းပမည့် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာအာခ်) ထိပ်သီးညီလာခံ ကာလအတွင်း ဇူလိုင် ၂၆ ရက် မှ ဩဂုတ် ၄ ရက်ထိ ၁၀ ရက်ကြာ အပစ်အခတ်ရပ်စဲကြောင်း တမီးလ်ကျားသူပုန်များက တစ်ဖက်သတ် ကြေညာခဲ့သည်။

ယင်းအစည်းအဝေးကာလအတွင်း မည်သည့်တိုက်ခိုက်မှုမျှ ပြုလုပ်မည်မဟုတ်ကြောင်း တမီးလ်ကျားအဖွဲ့က တနင်္လာနေ့ညပိုင်းတွင် ပြောကြားသည်။

ခုခံတိုက်ခိုက်

သို့သော် ၁၀ရက်ကြာအပစ်အခတ်ရပ်စဲသည့်ကာလအတွင်း အစိုးရတပ်ဖွဲ့က တိုက်ခိုက်မှုပြုလုပ်လာပါက ခုခံတိုက်ခိုက်မှု ပြုလုပ်ရမည်ဖြစ်ကြောင်း တမီးလ်ကျားအဖွဲ့က ထည့်သွင်း ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ဘိုလီးဗီးယားနိုင်ငံ အလယ်ပိုင်းကိုလိုမီအရပ်တွင် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးသွားသော တပ်ဖွဲ့ဝင်များအား ဇူလိုင် ၂၂ ရက်က အခမ်းအနားဖြင့် သယ်ယူလာစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပနားမား အာဏာပိုင်များက ကိုကင်းကီလို ၁၅၀၀ ဖမ်းဆီးရမိ

ပနားမားစီးတီး ဇူလိုင် ၂၂

ပနားမားနိုင်ငံ ကမ်းလွန်ဒေသ ပစိဖိတ်သမုဒ္ဒရာရေပြင်တွင် ကိုကင်းကီလို ၁၅၀၀ ကို အာဏာပိုင်များက သိမ်းဆည်းရမိကြောင်း မူးယစ်တားဆီးရေးအဖွဲ့မှ အကြီးအကဲ ဂျာဗီးယားဆိုရီယာနိုက ဇူလိုင် ၂၂ရက်တွင် ပြောကြားသည်။

ပနားမားစီးတီးမြို့မှ ကီလိုမီတာ ၄၄၀ အကွာ ချီရီကွီအရပ်တွင် စစ်ဆင်ရေးပြုလုပ်စဉ် အဆိုပါ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ဆိုရီယာနိုက ပြောကြားသည်။ သင်္ဘောဖြင့် တင်ဆောင်လာသော အထုပ်ငယ် ၈၂ ထုပ် အတွင်း မူးယစ်ဆေးဝါးများကို မှောင်ခိုသွင်းလာခြင်းဖြစ်သည်။

ယင်းအမှုနှင့် ပတ်သက်၍ ပနားမားနိုင်ငံသားတစ်ဦးကို ဖမ်းဆီးထားပြီး အခြားတရားခံများကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ဒေသခံများက မသင်္ကာဖွယ်ရာ သင်္ဘောတစ်စင်းနှင့် ပတ်သက်၍ သတင်းပေးသည်ကို အကြောင်းပြု၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနနှင့် တရားရေးဌာနတို့ ပူးပေါင်းရှာဖွေရာမှ ကိုကင်းများကို ဖော်ထုတ်နိုင်လိုက်ခြင်းဖြစ်သည်။

ပနားမား အာဏာပိုင်များသည် ၂၀၀၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါး တန်ချိန် ၇၀ ကို ဖမ်းဆီးရမိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာတပ်ဖွဲ့က တမီးလ်ကျားသူပုန် သင်္ဘောများအား ပစ်ခတ်ဖျက်ဆီး

ကိုလံဘို ဇူလိုင် ၂၂

သီရိလင်္ကာနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းတွင် သီရိလင်္ကာတပ်ဖွဲ့များက တမီးလ်ကျားသူပုန်သင်္ဘော ၁၃ စင်းအား ဖျက်ဆီးခဲ့ပြီး သူပုန်များ၏ မြောက်ပိုင်း အမာခံနယ်မြေကို ဆက်လက်တိုက်ခိုက်လျက်ရှိကြောင်း စစ်ဘက်က ပြောကြားသည်။

သီရိလင်္ကာရေတပ်ဖွဲ့နှင့်လေတပ်ဖွဲ့တို့၏ တိုက်ခိုက်မှုကြောင့် ကလေးသုံးဦးအပါအဝင် အရပ်သားကိုးဦး ဒဏ်ရာရရှိပြီး ကီလင်နော့ချ်ချီခရိုင် အင်ပူပါရမ်ကျေးရွာ ကမ်းရိုးတန်းရှိ ငါးဖမ်းလှေများပျက်စီးခဲ့ကြောင်း တမီးလ်ကျားသူပုန်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်တွင် ပုံးဖောက်ခွဲမှုကြောင့် အရပ်သား ခြောက်ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၂

သောင်းကျန်းသူများက လောင်စာတင်ထရပ်ယာဉ်အား တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် အရပ်သားခြောက်ဦး သေဆုံးကြောင်း ပြည်နယ်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

လာမန်းပြည်နယ်တွင်သောင်းကျန်းသူများက လောင်ချာဖြင့် အဆိုပါ ထရပ်ယာဉ်အား တနင်္ဂနွေနေ့က ပစ်ခတ်ခဲ့သည်ဟု ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူဝါကီအတက်က ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ထရပ်ယာဉ်အတွင်း လူနှစ်ဦးသေဆုံးပြီး ဘတ်စ်ယာဉ်ငယ် ဖောက်ခွဲခံရသဖြင့် အခြားလူလေးဦး သေဆုံးခဲ့သည်ဟု ၎င်းကပြောကြားသည်။

အင်တာနက်။

ကင်ညာနိုင်ငံ မာဆာဒီမာရာ အမျိုးသားဥယျာဉ် အတွင်းရှိ မာရာမြစ်အတွင်း၌ ရေမြင်းကြီးနှစ်ကောင်ကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုနိုင်ငံတွင် ပြန်ပေးဆွဲခံရသူ ကိုရီးယားနိုင်ငံသားငါးဦး ပြန်လည်လွတ်မြောက်လာ

မက္ကစီကိုစီးတီး ဇူလိုင် ၂၂

မက္ကဆီကိုနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြန်ပေးဆွဲခံရသော တောင်ကိုရီးယားနိုင်ငံသားငါးဦးအား တစ်ပတ်ကျော်ကြာ ဖမ်းဆီးထားခြင်း ခံရပြီးနောက် ဇူလိုင် ၂၂ရက်နေ့လယ်ပိုင်းတွင် ပြန်လွတ်လာကြောင်း အရာရှိများကပြောကြားသည်။

ပြန်ပေးဆွဲခံရသူများမှာ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ ပြန်လည်လွတ်လာခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၎င်းတို့သည် သံရုံးအရာရှိများနှင့် တွေ့ဆုံခဲ့သည်ဟု တမူလီပါခ်ပြည်နယ် ရှေ့နေချုပ်ဂျိုဆေးဟာရီရာ တွေ့ဆုံမေးမြန်းခန်းတွင်ပြောကြားသည်။

၎င်းတို့သည် ပင်အယ်လင်မှ နယ်စပ်ဖြတ်ကျော်လာပြီး ရိနိုဆာဒေသတွင် သွားလာနေစဉ်အတွင်း ဇူလိုင် ၁၄ ရက်က အတင်းအဓမ္မ ခေါ်ဆောင်သွားခြင်းခံရသည်ဟုဆိုသည်။ ၎င်းတို့သည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်မှ လူမှောင်ခိုအဖွဲ့နှင့်ဆက်သွယ်၍ အမေရိကန်သို့ တရားမဝင် ဝင်ရောက်ရန်ကြိုးစားခြင်းဖြစ်ဟန်ရှိသည်ဟု ဟာရီရာကပြောကြားသည်။

၎င်းတို့အား ဖမ်းဆီးထားသော အဖွဲ့ခေါင်းဆောင်က မက္ကဆီကိုနိုင်ငံရှိ တောင်ကိုရီးယားသံတမန်အဖွဲ့အား ပြန်ပေးဆွဲခံထားရသူများကို ၎င်းတို့၏ မိသားစုမှ ပြန်ပေးငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀ ပေးရန် ဖုန်းဖြင့် တောင်းဆိုခဲ့သည်ဟု ပြည်နယ်ရှေ့နေချုပ်က ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များသည် ခေါ်ဆိုလာသော ဖုန်းနံပါတ်များကို ခြေရာကောက်မိခဲ့ရာ ရိနိုဆာရှိတည်းခိုခန်းတစ်ခု၌ ဓားစာခံများအား ဖမ်းဆီးချုပ်နှောင်ထားသည်ကို သိရှိရသည်ဟု ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့ ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ကွင်းဆင်းကုသရန် ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၄

ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည့် လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့ဝင်များသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အရေးပေါ်နှင့် ပြင်ပလူနာအထူးကုဌာန ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုဌာနစုရပ်မှ မော်တော်ယာဉ်များဖြင့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်များသို့ စတင်ထွက်ခွာသွားကြသည်။

အဆိုပါ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များအား ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြား၍ အားပေးနှုတ်ဆက်ကြသည်။

ကွင်းဆင်းကုသရေးအဖွဲ့

ဘိုကလေးမြို့နယ်သို့ သွားရောက်မည့် ကွင်းဆင်းကုသရေးအဖွဲ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သမားတော် ဒေါက်တာသက်နွယ်ဦးက ဦးဆောင်၍ ကလေးအထူးကုဆရာဝန်၊ သားဖွားမီးယပ် အထူးကုဆရာဝန်၊ ခွဲစိတ်အထူးကုဆရာဝန်နှင့် မေ့ဆေးအထူးကုဆရာဝန်၊ လက်ထောက် ဆရာဝန်နှင့် အလုပ်သင် ဆရာဝန်၊ သူနာပြုများ ၁၄ ဦး ပါဝင်ကြပြီး လပွတ္တာမြို့နယ်သို့ သွားရောက်မည့် ကွင်းဆင်းကုသရေးအဖွဲ့တွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော် ဒေါက်တာအေးအေးစမ်း ဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများအဖွဲ့ဝင် ၁၁ ဦး ပါဝင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးဖမ်း စက်လှေများ

ဒေးဒရဲမြို့တွင် တွေ့ရသည့် တည်ဆောက်ပြီးစီးပြီး လွှဲပြောင်းပေးအပ်သည့် ငါးဖမ်း စက်လှေများ။

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများသို့ လူသုံးကုန်နှင့် အိမ်သုံးပစ္စည်းများထောက်ပံ့

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပေးပို့ထားသော လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် အိမ်သုံးပစ္စည်းများကို မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ပြည်သူများထံ မြို့နယ်ကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များက ကျေးရွာများသို့ အဆက်မပြတ် သွားရောက်ပြီး မိသားစုလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထောက်ပံ့ပေးအပ်

အဆိုပါ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၀ ရက်တွင် မြို့နယ်လေဘေးသင့် ကျေးရွာများဖြစ်သော သူရဲချောင်းကျေးရွာရှိ အိမ်ထောင်စုဦးရေ ၅၉၇စုနှင့် လပွတ်ကွဲတဲချောင်းကျေးရွာရှိ အိမ်ထောင်စုဦးရေ ၄၂၂ စုတို့အား အိမ်ထောင်စုအလိုက် ခြင်ထောင်၊ စောင်၊ ဒန်အိုး၊ ဒန်ခွက်၊ ဆပ်ပြာ အပါအဝင် အိမ်သုံးနှင့် လူသုံးပစ္စည်း ခုနစ်မျိုးတို့ကို လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)